ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (17-5-2007) (၅၃၂၀)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နော်ဝေးနိုင်ငံ ပဉ္စမမြောက်ဘုရင်မင်းမြတ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　မေ　　၁၇

၂၀၀၇ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေးနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နော်ဝေးနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ် ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နောင်ချို–ကျောက်မဲလမ်းပိုင်းနှင့် ဂုတ်တွင်းတံတားကို ကြည့်ရှုစစ်ဆေး ကျောက်မဲနှင့် သီပေါမြို့နယ်တို့၏ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲများသို့ တက်ရောက်၍ စိုက်ပျိုးပေး

**နေပြည်တော်　　မေ　　၁၆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရန် မေ ၁၄ ရက်တွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါမြို့အဝင်ရှိ ကျင်သီ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

▶ ***“နိုင်ငံရေးအရူးချေးပန်းတွေရဲ့ လုပ်ရပ်က တကယ့်ကို သြချဖို့ကောင်းတယ်။ ပြည်တွင်းက နိုင်ငံရေးလူပြိန်းတွေက ၂၄ နာရီ မီးလင်းရေးဆိုပြီး ဆူပူလှုံ့ဆော်ချင်ကြတယ်။ ပြည်ပရောက် နိုင်ငံရေးသူငယ်နှပ်စား ပြည်ပြေးတွေက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထမံသီရေအားလျှပ်စစ်စီမံကိန်းကြီးတွေ၊ တာဆန်းတို့၊ ဟတ်ကြီးတို့လို စီမံကိန်းကြီးတွေ တည်ဆောက်တော့မယ်ဆိုတာနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမယ်ဆိုပြီး မတန်မရာ မဆီမလျော်တဲ့ စကားလုံးတွေသုံးပြီး ပြည်ပမှာ ကန့်ကွက်ဆန္ဒပြနေကြသတဲ့”***

စာဖတ်သူတစ်ဦး၏ **“မလွန်လွန်းဘူးလား”** (ဆောင်းပါး)

စာမျက်နှာ–၈၊ ၉

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၇-၅-၂၀၀၇
(ကြာသပတေးနေ့)

# စက်အရန်ပစ္စည်းနှင့် အစိတ်အပိုင်းများ တိုးမြှင့်ထုတ်လုပ် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး အထောက်အကူပြု

နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း တိုးတက်များပြားလာသည့် စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းထုတ်လုပ်လျက်ရှိသည်။ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ရည်မှန်းချက်ဖြင့် အားထုတ်လုပ်ကိုင်လျက်ရှိသည်။

စက်မှုကဏ္ဍတွင် သွင်းကုန် အစားထိုးကုန်ပစ္စည်းများ၊ စက်ကိရိယာများ ပိုမိုထုတ်လုပ်ရေး၊ စက်အရန်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးနှင့် အဆင့်မြင့် စက်အစိတ်အပိုင်းများ ထုတ်လုပ်ရေးကိုလည်း တီထွင်ကြံဆ ကြိုးပမ်းကြရမည်ဖြစ်သည်။

ပြည်တွင်း၌လည်ပတ်လျက်ရှိသော စက်ရုံများအတွက် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများစွာကို ပြည်ပမှ ဝယ်ယူသုံးစွဲနေရသည်။ အဆိုပါ ပစ္စည်းများအား ပြည်တွင်း၌ ပိုမိုထုတ်လုပ်အသုံးပြုကြခြင်းဖြင့် နိုင်ငံခြားငွေ သက်သာမည်ဖြစ်သည်။

ဝန်ကြီးဌာနအလိုက် အသုံးပြုလျက်ရှိသော စက်ယာဉ်ယန္တရားများနှင့် စက်ပစ္စည်းကိရိယာများအတွက် စက်အရန် ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲများကို ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်းက ကျင်းပခဲ့သည်။ အဆိုပါပြပွဲများ၌ ပြည်တွင်းပညာရှင်များ၊ ဌာနဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးကြပြီး အကြံဉာဏ်၊ အတွေ့အကြုံများ ပေါင်းစပ်ဆောင်ရွက်မှုရလဒ်အဖြစ် ပစ္စည်းအမယ်ပေါင်း တစ်ထောင်ကျော်ကို ပြည်တွင်း၌ ထုတ်နိုင်ခဲ့သည်။

နိုင်ငံပိုင်စက်မှုလုပ်ငန်းကြီးများနှင့် စက်မှုဇုန်လုပ်ငန်းများမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းဆိုင်ရာ တီထွင်ကြံဆသုတေသနပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် သွင်းကုန်အစားထိုး စက်ကိရိယာများ၊ စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိခင်ကြီး ဒေါ်စိန်တင်ကိုအမှူးထား၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းနေ ဦးသိန်းဇော်-ဇနီး ဒေါ်မြင့်မြင့်မော်၊ သမီး မနှင်းအိအိဇော်၊ သား မောင်ထင်လင်းဇော် မိသားစုက ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပဲခူး) ဒေါက်တာဝိစိတ္တရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စက်မှုသင်တန်းကျောင်း(မန္တလေး) တည်ဆောက်ရေးစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြား

နေပြည်တော် မေ ၁၆

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၁ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ စက်မှုသင်တန်းကျောင်း(မန္တလေး)တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ခေတ္တကျောင်းအုပ်ကြီး ဦးကျော်စွာသိမ်းက စီမံကိန်းအတွက် စက်ပစ္စည်းများနှင့် သင်ကြားရေး အထောက်အကူပြု စက်ပစ္စည်းများရောက်ရှိမှု အခြေအနေကိုလည်းကောင်း၊ သင်တန်းကျောင်းအတွက် နည်းပြများရောက်ရှိမှု၊ သင်ကြားရေးဆိုင်ရာ အချက်အလက်များနှင့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲထားရှိမှုတို့ကိုလည်းကောင်း၊ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။**

ဝန်ကြီးက စက်မှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများကို ရေးဆွဲရာတွင် ဆက်နွှယ်လျက်ရှိသည့် အခြားဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းများနှင့် ပရိဘောဂများအား ကြိုတင်ဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်း စီမံကိန်း ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဝင်းက စီမံကိန်းအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ သင်တန်းကျောင်း အဝင်လမ်းမကြီးနှင့် ကျောင်းဝင်းအတွင်းရှိ လမ်းများ ခင်းကျင်းပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။ ဝန်ကြီးက စီမံကိန်း လုပ်ငန်းများကို သတ်မှတ်ကာလ အတွင်း ပြီးစီးစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရေး၊ တည်ဆောက်ရေး လုပ်ငန်းများအတွက် စာရင်းဇယားများ ပြုစုထားရှိရန်နှင့် အလေအလွင့် နည်းပါးစေရန်အတွက် ကြပ်မတ်ဆောင်ရွက်ရေး၊ သင်တန်းကျောင်းအတွက် စက်ပစ္စည်းများ ရောက်ရှိလာပါက တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရေးတို့ကို မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် သင်တန်းကျောင်း ပင်မအဆောက်အအုံအတွင်း စာသင်ခန်းများ ဆောက်လုပ်ပြီးစီးမှု၊ သင်ကြားရေး အလုပ်ရုံများ ဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနားဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၆

**မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သူနာပြုအရာရှိကြီးများ၊ ပြည်တွင်း ပြည်ပလူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ၊ သူနာပြုအုပ်များ၊ သူနာပြုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်ခင်ညိုက အလှူရှင်များဖြစ်ကြသော Mo Asia Co., Ltd. ( DUMEX )၊ ဗဟန်းမြို့နယ် မြဂေဟာ ဦးကျော်ညွန့်နှင့် ကျန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# တွံတေးအရှင်ဣန္ဒက တရားပွဲကျင်းပမည်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၅၁) ရပ်ကွက်၊ မြဝတီမင်းကြီး (၁)လမ်း၊ သီရိမင်္ဂလာမဟာစည်ရိပ်သာ ကျောင်းတိုက်ဆရာတော် တွံတေးအရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ) သည် ၁၃၆၉ ခုနှစ် နယုန်လဆန်း ၃ ရက်မှ ၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၀ ရက်အထိ မေ ၁၈ ရက်မှ ၂၅ ရက်အထိ ခုနစ်ရက် အထူးတရားစခန်းပွဲကို စစ်ကိုင်းတိုင်း ကလေးမြို့နယ် သာစည်ရွာ သာစည်ကျောင်းတိုက် ဓမ္မသဘင်တို့၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

# လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှမှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် မေ ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)နှင့် ပြည်နယ်၊ တိုင်း လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၇ ရက် နံနက်တွင် မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ မော်လမြိုင်ခရိုင်နှင့်သထုံခရိုင် ဦးစီးအရာရှိများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

### မှာကြား

ရှေးဦးစွာ မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ လုပ်ငန်းဆိုင်ရာ မှာကြားချက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

### ရှင်းလင်း

ထို့နောက် မော်လမြိုင်ခရိုင် ဦးစီးအရာရှိ ဦးတင်ထွန်းက ပြန်/ဆက် ဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းဆိုင်ရာမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ ယင်းနောက် တက်ရောက်လာကြသူများက မွန်ပြည်နယ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး အကောင်အထည်ဖော်မည့် လုပ်ငန်းလျာထားချက်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ❖ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် နောင်ချိုမြို့ရိပ်သာ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောက်မဲခရိုင်နှင့် နောင်ချိုမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအချိန်သည် နွေစပါးရိတ်သိမ်းချိန်နှင့် မိုးစပါးစိုက်ပျိုးချိန်ကာလဖြစ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခုလုံး၌ နွေစပါး မည်မျှရိတ်သိမ်းခဲ့ကြောင်းနှင့် မိုးစပါးဧက မည်မျှစိုက်ပျိုးသွားကြမည်ကို ယခုကတည်းက ကြိုတင်တွက်ချက်ထားကြရန်လိုကြောင်း၊ စိုက်ပျိုးချိန်ရာသီကုန်၌ ပြည်နယ်အနေနှင့် ဒေသဝမ်းစာ ဖူလုံမှုမည်မျှရှိသည်ကို တင်ပြသွားကြရမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အဝင်ဝဖြစ်သည့် နောင်ချိုမြို့နယ်တွင်လည်း ပြည်နယ်၏ ဆန်စပါးထွက်ရှိမှုကို အထောက်အကူဖြစ်စေရန် နွေစပါး၊ မိုးစပါး စိုက်ပျိုးမှုကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့အပြင် ပြည်နယ်တစ်ခုလုံး၏ စားသုံးဆီလိုအပ်ချက်ကို တွက်ချက်ပြီး ဆီထွက်သီးနှံသုံးမျိုး စိုက်ပျိုးရေးကို နည်းလမ်းကြံဆကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ စိုက်ပြီးလျှင်ပြီးရော သဘောမထားဘဲ စနစ်တကျ စိုက်ပျိုးပြုစု ပျိုးထောင်သွားရန် လိုအပ်ကြောင်း။

ထို့ပြင် ဒေသ၏ မြေလွတ်မြေလပ်မြေရိုင်းများ၌ နှစ်ရှည် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်နှင့် လောက်ကိုင်ဒေသကဲ့သို့ အခြားမြို့နယ်များ၌လည်း နိုင်ငံခြားဝင်ငွေရရှိနေသည့် ရော်ဘာကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းက နမ္မတူ–မန်တုံဒေသနှင့် မိုးမိတ်–မိုင်းငေါ်ဒေသ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် ဆန်ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးရှားဝေါ(လ်) Toll Gate အနီး၌ လားရှိုးမှူးယစ်အထူးအဖွဲ့မှ ခြံစည်းရိုးကြက်ဆူသုံးဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ ပန်မာတ်ရပ်ကွက် မန္တလေး–လားရှိုး ကားလမ်းနံဘေး၌ ကျင်းပသည့် နောင်ချိုမြို့နယ်၏ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ ၂၅ ဧက စိုက်ပျိုးပွဲအခမ်းအနားသို့ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့များနှင့်ပျိုးပင်များကို နောင်ချိုမြို့နယ် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့သည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါမြို့နယ်၏ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမဆောင်သစ်ဖွင့်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ နောင်ချိုမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ၂၀၀၇ ခုနှစ်အတွက် ခြံစည်းရိုးကြက်ဆူ ဧက ၉၅၀၀ စိုက်ပျိုးရန် လျာထားရာ ယခုအခါ ၅၆၄၆ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်သည်။

ကျန်ဧကများအတွက် မျိုးစေ့ ၂၂၇တင်း၊ အပင်ပေါက် သုံးသိန်း၊ မျိုးကိုင်းခြောက်သိန်းသုံးသောင်း စုဆောင်းပြုစုပျိုးထောင်ထားရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချို–ကျောက်မဲ ကားလမ်းအတိုင်း လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေး၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မန္တလေး–လားရှိုး ကားလမ်း မိုင်တိုင်အမှတ်(၈၄/၀)ရှိ ဂုတ်တွင်းတံတားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးချစ်ထွန်းက တံတားတည်ဆောက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မူလ သံပေါင်တံတားဟောင်းကိုလည်း လိုအပ်သည့်အခါ အသုံးပြုနိုင်ရန် လက်ရှိနေရာအတိုင်း ဆက်လက်ထားရှိသွားရန်နှင့် မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။

အဆိုပါ ဂုတ်တွင်းတံတားသစ်မှာ အရှည်ပေ ၂၁၀၊ အကျယ် ၂၈ ပေရှိပြီး တစ်ဖက်လျှင် သုံးပေအကျယ်ရှိ လူသွားလမ်းများပါရှိသည်။ တံတားအောက်ခြေမှ အပေါ်ဆုံးအထိ အမြင့်မှာ ၃၄ပေရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၂၂ပေရှိသည်။ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဂုတ်တွင်းအတက်လမ်းပိုင်း အခြေအနေများနှင့် လမ်းဘေးဝဲ၊ယာ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ကျောက်မဲမြို့အဝင်ရှိ ခြံစည်းရိုးကြက်ဆူပျိုးခြံသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ၂၂၀၀၀၀ ပြုစုပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကျောက်မဲမြို့နယ်၌ ခြံစည်းရိုးကြက်ဆူ ဧက ၉၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၃၅၄၃ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့သို့ ရောက်ရှိကြပြီး ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းနှင့် ကျောင်းခန်းမ အလှူရှင်ကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဒေါ်မွေးမွေးတို့က ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ပတ္တမြားခန်းမကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကို ကျောင်းခန်းမအတွင်း ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် ယနေ့ပညာရေးဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်မှ တာဝန်ယူကြိုးပမ်းနေသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်၏ အနာဂတ်ကာလတွင် တာဝန်ယူကြရမည့် ကျောင်းသား၊ ကျောင်းသူလူငယ်များအပေါ် ဒေသတွင် ငွေကြေးတတ်နိုင်သူများက လိုအပ်သောစာသင်ခုံများ၊ စာသင်ခန်းများနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးသွားနိုင်မည်ဆိုပါက နိုင်ငံတော်အတွက်လည်း အထောက်အကူရမည်ဖြစ်ပြီး နိုင်ငံတော်က မျှော်မှန်းထားသော ပညာရေးရည်မှန်းချက်ပန်းတိုင်သည်လည်း အချိန်တိုအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသမှပေါ်ထွက်လာမည့် ပညာရေးအလှူရှင်များကိုလည်း နိုင်ငံတော်မှ လိုလိုလားလား ကြိုဆိုလျက်ရှိပါကြောင်းနှင့် ယနေ့ကျင်းပသည့် ပတ္တမြားခန်းမသစ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြသော အလှူရှင်များကိုလည်း နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောက်လုပ်ရေး အလှူရှင်များကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဒေါ်မွေးမွေးက ပတ္တမြားခန်းမ တည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ခန်းမနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူး ဦးမြတ်ထွဋ်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူး ဦးမြတ်ထွဋ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးဟောက်ရှန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်အုန်းပွင့်တို့က လက်ခံယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါခန်းမဆောင်မှာ အလျားပေ ၁၀၀၊ အနံ ၄၅ ပေရှိပြီး သွပ်မိုးအုတ်ကာ အဆောက်အအုံဖြစ်သည်။ ရန်ကုန်မြို့မှ အလှူရှင် ဦးအိုက်မောင်နှင့် ဇနီး ဒေါ်နန်းဆောင်မိန်း မိသားစုတို့က ငွေကျပ် ၁၆၃သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန္တလေး–လားရှိုး ကားလမ်းမကြီး ကျောက်မဲနှင့် သီပေါလမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေနှင့် လမ်းဘေးဝဲ၊ယာ မိုးသီးနှံစိုက်ပျိုးရန် ထွန်ယက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ သီပေါမြို့အဝင်ရှိ ကျင်သီသံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းရွှေမင်းလှက ပင်မတံတား တည်ဆောက်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းနှင့် ချဉ်းကပ်လမ်း ၄၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားပြီး ရှင်းလင်းဆောင်မှနေ၍ တံတားတည်ဆောက်ပြီးစီးမှုနှင့် ကျင်သီချောင်း၏ ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျင်သီတံတားသစ်မှာ မန္တလေး–လားရှိုး–မူဆယ်ကားလမ်းပေါ်၌ အရေးပါသော တံတားတစ်စင်းဖြစ်ပြီး အရှည်ပေ ၂၁၀၊ အကျယ် ၂၈ ပေရှိသည်။ တစ်ဖက်လျှင် သုံးပေစီအကျယ်ရှိ လူသွားလမ်းများပါရှိပြီး ရေမျက်နှာပြင်ကင်းလွတ်အမြင့်မှာ ၂၂ပေဖြစ်သည်။ တံတား၏ ခံနိုင်ဝန်အားမှာ တန် ၆၀ ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် သီပေါမြို့သို့ရောက်ရှိကြပြီး သီပေါမြို့နယ်၏ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် သီပေါမြို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖပြည်သူများအား စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

သီပေါမြို့နယ်တွင် ၂၀၀၇ ခုနှစ်၌ ခြံစည်းရိုးကြက်ဆူ ဧက ၁၁၅၀၀ စိုက်ပျိုးရန် လျာထားရာ ယခုအခါ ၃၈၄၉ ဧကအတွက် မျိုးစေ့များ စုဆောင်းထားရှိပြီး ၂၃၄ဧကအတွက် ခြံစည်းရိုးကြက်ဆူကိုင်းများ ပျိုးထောင်ထားရှိလျက်ရှိသည်။ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရန်အတွက် ဧက ၄၅၂၀ ကိုလည်း မြေယာခုတ်ထွင် ရှင်းလင်းပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ကုန်တိုက်ကြီးတစ်ခုအတွင်း အဝတ်အထည်များရောင်းချနေသည်ကို မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်၌ အကြီးဆုံးရေနံသိုက် ရှာဖွေတွေ့ရှိ

ပေကျင်း မေ ၁၅

**ဘိုဟိုင်းပင်လယ်အော်တွင် မိမိတို့ရှာဖွေတွေ့ရှိခဲ့သော ရေနံသိုက်၏ အရွယ်အစားမှာ မူလထင်မှတ်ခဲ့သည်ထက် သုံးဆကျော် ကြီးမားကြောင်း တရုတ်အမျိုးသားရေနံကုမ္ပဏီက မေ ၁၅ ရက်တွင် ပြောကြားသည်။**

ဘိုဟိုင်းပင်လယ်အော်တွင် ရေနံရှာဖွေတွေ့ရှိခြင်းမှာ တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၄၀ကာလအတွင်း အကြီးဆုံးသော ရေနံသိုက်ကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

**ခန့်မှန်း**

တန်ရှန်းမြို့ရှိ ဂျေဒေါင်ဒေသတွင် ရှာဖွေ တွေ့ရှိရသော ရေနံမြေမှာ အရွယ်အစား အလွန်ကြီးမားကြောင်း၊ ယင်းရေနံသိုက်တွင် ရေနံစည်ပေါင်း ၇ ဒသမ ၃ ဘီလီယံရှိမည်ဖြစ်ကြောင်း၊ မူလက ရေနံစည်ပေါင်း ၂ ဒသမ ၂ ဘီလီယံရှိမည်ဟု ခန့်မှန်းခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပက်ထရိုချိုင်းနား ရေနံကုမ္ပဏီသည် လွန်ခဲ့သည့်နှစ်က အသားတင်အမြတ် ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံရရှိခဲ့သည်။ ယင်းရေနံကုမ္ပဏီသည် အာရှတွင် အမြတ်အစွန်းအများဆုံးရရှိသည့် ကုမ္ပဏီအဖြစ် ရပ်တည်နိုင်ခဲ့သည်။ **အင်တာနက်။**

# ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် ထိုင်းမြောက်ပိုင်း၌ ရေလွှမ်းမိုး

ဗန်ကောက် မေ ၁၅

ဘင်္ဂလားပင်လယ်အော်၌ တနင်္ဂနွေနေ့က ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းသဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းပြည်နယ်များရှိ ရာပေါင်းများစွာသော နေအိမ်များနှင့်လယ်ကွင်းများ ရေလွှမ်းမိုးလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

ထိုင်းနိုင်ငံမြောက်ပိုင်း ပီချစ်ပြည်နယ်၌ ရာပေါင်းများစွာသော မိသားစုများ၏ နေအိမ်များနှင့် လယ်ကွင်းများကို ရေလွှမ်းမိုးလျက်ရှိကြောင်း၊ ရေတိုက်စားမှုကြောင့် ကွန်ကရစ်တံတားတစ်စင်းမှာလည်း ပျက်စီးသွားကြောင်း နိုင်ငံပိုင် ထိုင်းသတင်းဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

## ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ

# အလုပ်လက်မဲ့ဖြေရှင်းရေး အင်ဒိုနီးရှားကြိုးပမ်း

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှားနိုင်ငံမှ လူ ၁၀ သန်းသည် ယခုအခါ အလုပ်လက်မဲ့ဖြစ်နေကြကြောင်း၊ ယင်းကြောင့် အင်ဒိုနီးရှားအစိုးရနှင့်ပါတီအဖွဲ့အစည်းအသီးသီးတို့အနေဖြင့် ပြည်သူ့အကျိုးစီးပွားအတွက် ပိုမိုကြိုးပမ်းရန် လိုအပ်ကြောင်း ပြည်သူ့အင်အားနှင့်လူဝင်မှုကြီးကြပ်ရေးဌာန ဝန်ကြီးဖြစ်သူ ဆူပါနိုက ပြောကြားသည်။

ယင်းအလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရန်အတွက် အစိုးရနှင့် သက်ဆိုင်ရာပါတီအဖွဲ့အစည်းများက ကြိုးပမ်းဖြေရှင်းရမည်ဟု ၎င်းက အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေးဆိုင်ရာ အမျိုးသားလှုပ်ရှားမှု(ဂျီအင်ပီပီ) အစည်းအဝေးမိန့်ခွန်းတွင် ဝန်ကြီးက ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

အင်ဒိုနီးရှားအစိုးရက အလုပ်လက်မဲ့ လူတစ်သန်းကို ပြည်ပနိုင်ငံများအပါအဝင် ကဏ္ဍအသီးသီးတွင် ၂၀၀၆ ခုနှစ်အတွင်း အလုပ်ရှာဖွေခန့်ထားရာ၌ ကူညီပံ့ပိုးခဲ့သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

၎င်းကပြည်ပတွင် ခန့်ထားသည့်အလုပ်သမားဦးရေကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် အလုပ်သမားများ အလုပ်လုပ်နိုင်ရန် ၎င်း၏အစိုးရရုံးက စည်းမျဉ်းစည်းကမ်းများကို လျှော့ပေါ့ပေးမည်ဟု ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

# တူရကီ ပုဂ္ဂလိကပိုင်လေယာဉ် ပျောက်ဆုံးနေ

အန်ကာရာ မေ ၁၅

လူခုနစ်ဦးလိုက်ပါလာသည့် ပုဂ္ဂလိက လေယာဉ်တစ်စင်းသည် တူရကီနိုင်ငံမြောက်ပိုင်းရှိ ထရက်ဇွန်မြို့မှ အီရန်နိုင်ငံ တက်ဘရစ်ဇ်မြို့သို့ ပျံသန်းစဉ် ပျောက်ဆုံးလျက်ရှိကြောင်း အနာတိုလီယာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

— **စောင့်ဆိုင်း** —

ယင်းလေယာဉ်သည် မတော်တဆဖြစ်ရပ်ဖြင့် ကြုံတွေ့ခဲ့ဖွယ်ရှိသည်ဟု အဆိုပါ သတင်းဌာနက ဖော်ပြသည်။ တူရကီနိုင်ငံ၏ မြို့တော် အန်ကာရာမှ ခရီးစတင်ခဲ့သည့် လေယာဉ်သည် ထရက်ဇွန်မြို့တွင် ဆီဖြည့်ရန်ဖြစ်သည်ဟု ယင်းမြို့ အုပ်ချုပ်ရေးမှူးဖြစ်သူ အိုကူတန်က ပြောကြားကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြသည်။

ယင်းလေယာဉ်သည် ရာသီဥတုမကောင်းသဖြင့် ထရက်ဇွန်မြို့တွင် ရက်အတန်ကြာ စောင့်ဆိုင်းနေပြီး တက်ဘရစ်ဇ်မြို့သို့ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ထွက်ခွာသွားခဲ့သည်ဟု ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

# ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးနှစ်လုံး ဆက်တိုက်ပေါက်ကွဲ

မနီလာ မေ ၁၅

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း မင်ဒါနာအိုကျွန်းတွင် မေ ၁၄ ရက်က လက်လုပ်ဗုံးနှစ်လုံး ဆက်တိုက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြသည်။

မင်ဒါနာအိုကျွန်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရှာရစ်ဖ်ကာဘန်ဆွန်ဒေသ ဒါလီကန်မြို့ရှိ မူလတန်းကျောင်းတစ်ကျောင်း၌ နံနက် ၅ နာရီမိနစ် ၅၀ ခန့်က ဗုံးနှစ်လုံးဆက်တိုက် ပေါက်ခဲ့ကြောင်း ဖိလစ်ပိုင်သတင်းဌာနက ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း ဖော်ပြထားသည်။ ယခုအချိန်တွင် မင်ဒါနာအိုကျွန်း၌ ရွေးကောက်ပွဲများအတွက် ပြင်ဆင်မှုပြုလုပ်နေကြကြောင်း၊ ရွေးကောက်ပွဲကျင်းပမှုကို အနှောင့်အယှက်ဖြစ်ရန် ယင်းသို့ပြုလုပ်ခြင်းဖြစ်ကြောင်း ရဲဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသော လက်ဝတ်ရတနာပစ္စည်း လေလံရောင်းချပွဲတွင် ပြသထားသော လက်ဝတ်ရတနာအချို့ကို မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆွစ်ဇာလန်နိုင်ငံ မက်ဂလီယိုတိရစ္ဆာန်ဥယျာဉ်၌ ခြင်္သေ့သားအမိ သုံးကောင်ကို မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရိုမေးနီးယား အရှေ့ပိုင်းတွင် သဘာဝဓာတ်ငွေ့မြေတွေ့ရှိ

ဘူခါရက် မေ ၁၅

ရိုမေးနီးယားနိုင်ငံအရှေ့ပိုင်းတွင် သဘာဝဓာတ်ငွေ့နှင့် လေဆီများရှိရာ သိုက်တစ်ခုကို ရိုမေးနီးယားရေနံလုပ်ငန်း ပက်ထရွန်ကုမ္ပဏီက ရှာဖွေတွေ့ရှိကြောင်း မေ ၁၄ ရက်က ထုတ်ပြန်ကြေညာသည်။

ထိုကုမ္ပဏီအနေဖြင့် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ၂၀၀၇ နှစ်ကုန်ပိုင်းတွင် စတင်နိုင်ဖွယ်ရာရှိသည်ဟု ဆိုသည်။ ထိုသိုက်မှနေ့စဉ်ထုတ်ယူနိုင်မည့် သဘာဝဓာတ်ငွေ့ပမာဏမှာ ကုဗမီတာ ၁၃၀၀၀၀ ရှိမည်ဖြစ်ပြီး လေဆီပမာဏမှာ ၁၁ တန်ရှိမည်ဖြစ်သည်ဟု ကုမ္ပဏီက ခန့်မှန်းသည်။

ထိုရေနံမြေသစ်၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို မကြာမီစတင်သွားမည်ဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်းများကို ၂၀၀၇ ခုနှစ် နှောင်းပိုင်း သို့မဟုတ် ၂၀၀၈ ခုနှစ်အစောပိုင်းတွင် စတင်နိုင်ဖွယ်ရာရှိကြောင်း ပက်ထရွန်ကုမ္ပဏီမှအထက်တန်း အမှုဆောင်အရာရှိ ဝါနာလက်ဒ်ဒိန်က ပြောကြားသည်။

ရေနံရှာဖွေရေးလုပ်ငန်းများ၏ ရလဒ်ကောင်းသည့်အတွက် ယင်းကုမ္ပဏီသည် အဆိုပါဒေသ၌ ရေနံရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# ဆီးရီးယားနှင့် မလေးရှား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်

ဒမတ်စကတ် မေ ၁၄

ဆီးရီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ဆောင်ရွက်ရန် မေ ၁၃ ရက်က ဆီးရီးယားနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီး ဆာဒါလာအာဟာအလ်တာလာနှင့် မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီး ဒါတုစ်ဆီရီတန်ကူ အာနန်တန်ကူမန်ဆော်တို့ ဒမတ်စကတ်တွင် ဆွေးနွေးခဲ့ကြသည်။

ဆီးရီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်းများ ဖွင့်လှစ်ထားရန်၊ ခရီးသွားလုပ်ငန်းတွင် သုံးသပ်ချက် အပြန်အလှန် ပြုလုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြောင်း ဆီးရီးယားနိုင်ငံ တာဝန်ရှိသူ၏ ပြောကြားချက်ကို ဆာနာသတင်းဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# အီရန်ကို အမေရိကန် တိုက်ခိုက်ပါက လက်တုံ့ပြန်မည်ဟု သမ္မတအာမက်ဒီနဲရတ် ပြောကြား

**အဘူဒါဘီ မေ ၁၅**

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံကို တိုက်ခိုက်ပါက အပြင်းအထန် လက်တုံ့ပြန် တိုက်ခိုက်မည်ဖြစ်ကြောင်း အီရန်သမ္မတမာမွတ် အာမက်ဒီနဲရတ်က တနင်္လာနေ့တွင် ခြိမ်းခြောက်ပြောကြားလိုက်သည်။အီရန်သည် ယင်း၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အနောက်အုပ်စုနှင့် ပြဿနာဖြစ်လျက်ရှိသည်။

အမေရိကန်က အီရန်ကို တိုက်ခိုက်မည့် အမှားပြုလုပ်ခဲ့ပါက အီရန်၏ လက်တုံ့ပြန်တိုက်ခိုက်မှုသည်ပြင်းထန်မည်ဖြစ်သည်ကို ၎င်းတို့ သိရှိကြပြီး နောင်တရကြမည်ဖြစ်ကြောင်း ညီလာခံတစ်ခု၏ သတင်းစာရှင်းလင်းပွဲ၌ အီရန်သမ္မတက ထုတ်ဖော်ပြောကြားသည်။

အမေရိကန်က မိမိတို့ကို တိုက်ခိုက်နိုင်မည်မဟုတ်ဟု အားလုံးသောပြည်သူလူထုက သိရှိကြကြောင်း၊ အီရန်သည် တောင့်တင်းခိုင်မာသည့် နိုင်ငံဖြစ်ပြီး မိမိနိုင်ငံအတွက် မိမိကာကွယ်နိုင်စွမ်းရှိကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

အီရန်က ယင်း၏ နျူကလီးယားစွမ်းအားအစီအစဉ်ဖော်ဆောင်မှုရပ်ဆိုင်းရန် အနောက်အုပ်စုအနေဖြင့် မကြိုးပမ်းနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ နျူကလီးယားစွမ်းအင်ပိုင်ဆိုင်မှုကို အင်အားကြီးနိုင်ငံများအနေဖြင့် ကာကွယ်တားဆီးနိုင်ခြင်းမရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။**အမ်အင်အေ၊ ရိုက်တာ။**

# ဘူလ်ဂေးရီးယား၌ ဘိန်းဖြူသိမ်းဆည်းရမိ

**ဆိုဖီယာ မေ ၁၅**

ဘူလ်ဂေးရီးယားနိုင်ငံ အကောက်ခွန်အရာရှိများသည် တူရကီနိုင်ငံမှ မက်ဆီဒိုးနီးယားနိုင်ငံသို့ မောင်းနှင်နေသည့် ကုန်တင်ကားတစ်စီးပေါ်မှ အမေရိကန်ဒေါ်လာသုံးသန်းနီးပါးတန်ဖိုးရှိဘိန်းဖြူ ၄၈ကီလိုကိုသိမ်းဆည်းရမိလိုက်ကြောင်း အကောက်ခွန်ရုံးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါ ဘိန်းဖြူများကို အထုပ် ၉၁ ထုပ်ထဲတွင် ထည့်ထားပြီး ကုန်တင်ကား၏ လျှို့ဝှက်အကန့်များ အတွင်း ဝှက်၍ ယူဆောင်လာခြင်းဖြစ်သည်။ တူရကီနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ကာပီတန်အန်ဒရီဗိုနယ်စပ် စစ်ဆေးရေးဂိတ်၌ ယခုနှစ်အတွင်း ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ရာ ယခုအကြိမ်သည် ပဥ္စမအကြိမ်ဖြစ်ကြောင်း အကောက်ခွန်ရုံးက ဖော်ပြသည်။

အနောက်ဥရောပနိုင်ငံများသို့ ကုန်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများ သယ်ဆောင်သည့် မှောင်ခိုသမားများအတွက် ဘူလ်ဂေးရီးယားနိုင်ငံသည် အဓိကကျသော လမ်းကြောင်းအဖြစ် ရပ်တည်လျက်ရှိသည်။

ဥရောပသမဂ္ဂ(အီးယူ)တွင် ဇန်နဝါရီလက အဖွဲ့ဝင်နိုင်ငံသစ်ဖြစ်လာသော ဘူလ်ဂေးရီးယားနိုင်ငံသည် မူးယစ်ဆေးဝါးသယ်ဆောင်သည့် ဒုစရိုက်ဂိုဏ်းကြီးများကို ဖြိုခွင်းနိုင်ရေးအတွက် နယ်စပ်ဒေသထိန်းချုပ်မှုကို တိုးမြှင့်ပြုလုပ်ပါမည်ဟု ကတိပြုခဲ့ကြောင်း၊ ယင်းနိုင်ငံ၏ နယ်စပ်ဒေသ လုံခြုံရေးဆောင်ရွက်ချက်နှင့် ပတ်သက်၍ ဥရောပ ကော်မရှင်က ဇွန်လတွင် သုံးသပ်ချက် အစီရင်ခံစာ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ ရိုက်တာ။**

## ပြင်သစ်သမ္မတအဖြစ် ဆာကိုဇီ ကျမ်းသစ္စာကျိန်ဆို

**ပါရီ မေ ၁၆**

ပြင်သစ်သမ္မတလောင်းအဖြစ် အရွေးချယ်ခံထားရသော နီကိုလပ်စ် ဆာကိုဇီသည် မေ ၁၆ ရက် (ယနေ့)တွင် ပြင်သစ်သမ္မတနန်းတော်၌ သမ္မတရာထူးအတွက် ကျမ်းသစ္စာကျိန်ဆိုသည်။

ပြင်သစ်နိုင်ငံ၏သမ္မတအဖြစ် ၁၂နှစ်ကြာ တာဝန်ယူခဲ့သည့် သမ္မတဟောင်း ဂျက်ရှီရက်သည် အဲလက်ဆီနန်းတော်မှ ထွက်ခွာသွားပြီးနောက် ဆာကိုဇီသည် ပြင်သစ်သမ္မတအဖြစ် တာဝန်ယူပြီဖြစ်ကြောင်း တရားဝင်ကြေညာလိုက်သည်။

**အင်တာနက်။**

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ



ရုရှားနိုင်ငံ မော်စကိုမြို့တွင် အထူးရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြသနေသည်ကို မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

**အမေရိကန်နိုင်ငံ နယူးယောက်မြို့ အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲ၌ ပြသထားသော လောင်စာနှစ်မျိုးသုံး အက်စ်ယူဗွီကားကို မေ ၁၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# မွန်တားနားပြည်နယ်တွင် လေယာဉ်တစ်စင်းပျက်ကျ လေယာဉ်မှူးအပါအဝင် ငါးဦးသေဆုံး

**လော့စ်အိန်ဂျလိစ် မေ ၁၅**

အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်းရှိ မွန်တားနားပြည်နယ်တွင် စနေနေ့ နံနက်ပိုင်းက လေယာဉ်တစ်စင်းပျက်ကျခဲ့သဖြင့် စီးနင်းလိုက်ပါလာသူ လေယာဉ်မှူးတစ်ဦးနှင့် လိုက်ပါလာသူ လေးဦးသေဆုံးခဲ့ကြကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

စကိုင်းဒိုက်ဗ်ပရေရီကုမ္ပဏီမှ ဆက်စနာ-၁၈၂ အမည်ရှိ လေယာဉ်တစ်စင်းသည်ပျံအတက်တွင် ပေါက်ကွဲမီးလောင်ပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု လေကြောင်းအုပ်ချုပ်ရေးဌာနက ပြောကြားသည်။

လေယာဉ်သည် ရာသီဥတုကောင်းစဉ် ပျံသန်းခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြပါ ကုမ္ပဏီမှ မန်နေဂျာ မိုက်ကယ်မောရီက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် လေဟုန်စီး သင်ကြားသူ ဆရာနှစ်ဦးနှင့်သင်တန်းသားနှစ်ဦးတို့ကို တင်ဆောင်လာခဲ့ခြင်းဖြစ်ပြီး အားလုံးသည် မွန်တားနားပြည်နယ်မှဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ မွန်တားနားပြည်နယ်တွင် လေဟုန်စီးခြင်းကို အားကစားတစ်ရပ်အဖြစ် တွင်ကျယ်စွာ ကျင်းပနေခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# အီရန်နိုင်ငံအတွင်းသို့ ခိုးဝင်လာသူ ၁၀ ဦး နယ်စပ်အစောင့်တပ်ဖွဲ့က ဖမ်းဆီး

**တီဟီရန် မေ ၁၅**

အမေရိကန် ဒေါ်လာ ငွေသားငါးသိန်း၊အရေးပါသည့်နေရာဒေသများ ဖော်ပြထားသည့် မြေပုံများနှင့် ခေတ်မီ လျှို့ဝှက်ကင်မရာများသယ်ဆောင်လာပြီး ပါကစ္စတန်နိုင်ငံမှ အီရန်နိုင်ငံအတွင်း ဥပဒေမဲ့ ဝင်ရောက်လာသူ ၁၀ဦးကို အီရန်နယ်စပ်အစောင့်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားက တနင်္ဂနွေနေ့က ဖော်ပြသည်။

အီရန်နယ်စပ်ရှိ ပြည်နယ်ဖြစ်သည့် စစ်စတန်ဘလူချက်စတန်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယင်းပြည်နယ်သည် တည်ငြိမ်မှုမရှိသည့် ပြည်နယ်ဖြစ်ပြီး မူးယစ်ဆေးဝါး မှောင်ခိုသမားများ အသုံးပြုသော လမ်းကြောင်းဖြစ်သည်။

ရုပ်မြင်သံကြားက ၎င်းအုပ်စု ဖမ်းဆီးခံရပုံနှင့်ပတ်သက်၍ အသေးစိတ် ဖော်ပြ ခြင်းမရှိပေ။ နောက်ထပ်သတင်းများကို လာမည့်ရက်များအတွင်း ထုတ်ပြန်မည်ဟုသာ ပြောကြားသည်။

ဖေဖော်ဝါရီလအတွင်း အီရန်ဘုရင့်တော်လှန်ရေး အစောင့်တပ်ဖွဲ့များ ပိုင်ဆိုင်သည့် မော်တော်ယာဉ်သည် ဇာဟီဒန်ပြည်နယ်တွင် ထောင် ချောက်ဗုံး ပေါက်ကွဲမှုကြောင့် လူ ၁၁ ဦး ထက်မနည်း သေဆုံးခဲ့ပြီး အခြားလူ ၃၁ ဦး ဒဏ်ရာရရှိခဲ့သည်။

**အမ်အင်အေ၊ ရိုက်တာ။**

# အီရတ်တွင် ကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

**ဘဂ္ဂဒက် မေ ၁၆**

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး တနင်္လာနေ့က သေဆုံးပြီးအခြား ၁၁ဦးဒဏ်ရာရရှိခဲ့ရာ အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ခုနှစ်က ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၃၄၀၀ခန့်ရှိပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် အန်ဘာပြည်နယ်များတွင် သွားလာလျက်ရှိသော အမေရိကန်လှည့်ကင်းများနှင့် တပ်ဖွဲ့များကို တွန်းလှန်ခုခံရေးသမားများက လက်နက်ငယ်များ၊ ဗုံးများဖြင့် တိုက်ခိုက်ရာ ကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့ပြီး ၁၁ဦး ဒဏ်ရာရရှိသွားခြင်း ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

အီတလီနိုင်ငံ ရောမမြို့ရှိ ရှေးဟောင်းလက်ရာ ရေပန်းတစ်ခုကို မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အင်ဒိုနီးရှားတွင် အမျိုးသမီးတစ်ဦးသေဆုံး

**ဂျကာတာ မေ ၁၅**

အင်ဒိုနီးရှားနိုင်ငံ မီဒန်မြို့ရှိ ဆေးရုံတွင် လွန်ခဲ့သည့်နှစ်ရက်က သေဆုံးခဲ့သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးမှာ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ကြောင့် သေဆုံးရခြင်း ဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ အင်္ဂါနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးရသူဦးရေမှာ ၇၆ ဦးရှိခဲ့ပြီဖြစ်သည်။

**အင်တာနက်။**

# ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲ

**ဘဂ္ဂဘက် မေ ၁၅**

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် မေ ၁၄ရက်က ကားဗုံးနှစ်လုံးနှင့် လမ်းဘေးဗုံး တစ်လုံးတို့ ပေါက်ကွဲရာ လူသုံးဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၂၀ ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ဘဂ္ဂဒက်မြို့ရှိ အက်တာလမ်း၌ ရပ်ထားသည့် ဗုံးထောင်ထားသော ကားသည် နေ့လယ်ပိုင်းတွင်ပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာ ရရှိကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ပါလက်စတိုင်းလမ်း၌ရှိသော ဆတ်ရက်ချ်စားသောက်ဆိုင်အနီး ရပ်ထားသော ဗုံးထောင်ထားသောကားသည်နေ့လယ်ပိုင်းတွင်ပေါက်ကွဲခဲ့ရာ အရပ်သားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်းသတင်းတွင် ဖော်ပြထားသည်။**အမ်အင်အေ၊ဆင်ဟွာ။**

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြစ်ကြီးနားသင်္ဘောဖြင့် ကိုကိုးကျွန်းသို့လိုက်ပါမည့်ဝန်ထမ်းများနှင့် ခရီးသည်များအား တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် မေ ၁၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။**

ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော် အစိုးရ၏ ပံ့ပိုးမှုဖြင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိုကိုးကျွန်းမြို့နယ် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးအား ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့် မိတ်ဆက်ပြီး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း "မြစ်ကြီးနား" သင်္ဘောဖြင့် ကိုကိုးကျွန်းသို့ လိုက်ပါမည့် သံဃာတစ်ပါးနှင့် ဝန်ထမ်း ၄၆ ဦးအတွက် ဝတ္ထုငွေနှင့် ချီးမြှင့်ထောက်ပံ့ ငွေကျပ် ၉၄၀၀၀ ကို မြို့နယ်ဆရာဝန် ဒေါက်တာဝင်းထိန်အား လည်းကောင်း၊ အရပ်သားခရီးသည် ၈၅ ဦးအတွက် ချီးမြှင့်ငွေကျပ် ၈၅၀၀၀ ကို ဆက်သွယ်ရေး တာဝန်ခံ ဦးအောင်နိုင်အား လည်းကောင်း၊ ကိုကိုးကျွန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် လစဉ်ထောက်ပံ့ငွေအဖြစ် ငွေကျပ် ၅၄၉၀၀၀ ကို မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးသံချောင်းအား လည်းကောင်း၊ ကိုကိုးကျွန်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅၃ ဦးအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၂၀ ကို ကျောင်းအုပ်ဆရာကြီး ဦးလှကြည်အား လည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ကိုကိုးကျွန်းမြို့နယ်သို့ ထွက်ခွာမည့် "မြစ်ကြီးနား" သင်္ဘောပေါ်သို့ တက်ရောက်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါသင်္ဘောဖြင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဝါးဘိုး၊ ဝါးနက်၊ ထီးရိုးဝါး စသော ဝါးမျိုးပင် ၁၅၀၀၊ မြို့နယ်ခန်းမ ဆောက်လုပ်ရန်အတွက် သံနှင့် ဘိလပ်မြေများ၊ မိုးရာသီကာလအတွင်း အလုံအလောက် စားသုံးနိုင်ရေးအတွက် ဆန်နှင့်ဆီများကို ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သံအမတ်ကြီး ဦးဉာဏ်လင်း ဘင်္ဂလားဒေ့ရှ်သမ္မတထံ သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၁၇**

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၇ ခုနှစ် မေ ၃ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာ အီယာဂျူဒင် အာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

## အမျိုးမြတ်တဲ့ ဒို့မြန်မာ

– အို–သူငယ်ချင်း
မင်းလည်းမြန်မာ၊ ငါမြန်မာတည့်
မြန်မာပီပီ၊ မြန်မာပြည်ကို
ငါသည်မြတ်နိုး၊ မင်းမြတ်နိုးမှ
အမျိုးဂုဏ်မြင့်၊ ပြည်လည်းတင့်၏
တွေးချင့်စဉ်းစား အသိပွား။

– မြန်မာဖြစ်ငြား၊ မြန်မာများက
တစ်ပါးတိုင်းက၊ ပုံတူပြသည့်
စာဂစရိုက်၊ နှစ်ခြိုက်ကြလျှင်
စရိုက်မမှန်၊ မထိုက်တန်လို့
မျိုးမာန်ဂုဏ်ရည် နိမ့်ကျမည်။

– မြန်မာ့ရိုးရာ၊ စဉ်အလာနှင့်
မြန်မာမျိုးဂုဏ်၊ ဇာတိဂုဏ်အား
ယုံကြည်စိတ်တူ၊ ထိန်းသိမ်းသူကို
ကြည်ဖြူလက်တွဲ၊ လောကထဲမှာ
အမြဲတမ်းသာ၊ ဂုဏ်ယူစွာဖြင့်
ကြိုကာနေမယ် သူငယ်ချင်း။

– အမိမြန်ပြည်၊ တိုးတက်စည်ဖို့
စွမ်းရည်သတ္တိ၊ ယှဉ်သတိနှင့်
အသိဉာဏ်စွက်၊ ယုံကြည်ချက်ဖြင့်
တိုးတက်ရအောင်၊ လုံ့လဆောင်မှ
ပြည်ထောင်စုစိတ် ခိုင်မြဲမည်။
လူ့ဘောင်တန်ဖိုး မြင့်မားမည်။ ။

နှင်းမောင်(ဗီးကုန်း)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မူမင်အလာနတ်၏ နေရာတွင် မစ္စတာ မေမက် စီနာ အယ်လ်ဒီမီရာအား ခန့်အပ်ရန် သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာ မေမက် စီနာ အယ်လ်ဒီမီရာသည် ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် အန်ကာရာ တက္ကသိုလ်မှ နိုင်ငံရေးရာသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၁၉၇၀ ပြည့်နှစ်တွင် တတိယအတွင်းဝန်ရာထူးမှ စတင်ဝင်ရောက်ခဲ့ပြီး ဂျာမနီ၊ ဆိုက်ပရပ်စ်၊ အီတလီ၊ ဩစတြီးယား၊ ဗြိတိန်နိုင်ငံများရှိ တူရကီသံရုံးများတွင် ရာထူး အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်မှစတင်၍ သံအမတ်ကြီး ပထမဥပဒေအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။ မစ္စတာ မေမက် စီနာ အယ်လ်ဒီမီရာသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ မစ္စတာ မေမက် စီနာ အယ်လ်ဒီမီရာသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များ မေ ၃၀ရက်က ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အာဟာရအတွက် အလှူငွေကျပ် တစ်သိန်းနှင့် ငွေပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်း စုစုပေါင်းကျပ် လေးသိန်း ပေးအပ်လှူဒါန်းကြစဉ်။

(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဦးဆောင်၍ (၇)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက်တိုင်းနှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပြီး သုဒဿီဓမ္မာရုံတွင် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော အသိပညာပေးဟောပြောပွဲပြုလုပ်ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။ (၆၃)

ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်အတွင်း နေထိုင်သူများအား မေ ၁၄ ရက်က ငါးခန်းတွဲဓမ္မာရုံတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၆၁)

# စုပေါင်းအလှူဒါနပြုပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်း ကော့မှူးမြို့နယ်ရှိ အောင်ဇမ္ဗူပရဟိတဂေဟာ၊ အောင်မင်္ဂလာပရဟိတဂေဟာနှင့် ကျုံပျော်မြို့နယ်ရှိ ရေစခန်း ပရဟိတဂေဟာတို့မှ ကလေးများနှင့် ဆင်းရဲနွမ်းပါးသော ကျောင်းသူ၊ ကျောင်းသားများအား စာအုပ်၊စာရေးကိရိယာနှင့် တစ်ရက်စာ အာဟာရကျွေးမွေးခြင်း၊ ကော့မှူးမြို့နယ်မှ သက်ကြီးရွယ်အိုများအား လှူဒါန်းခြင်းတို့ကို OD Tour မိသားစုနှင့် မိတ်ဆွေများ၊ ရန်ကုန်နှင့် မန္တလေးမှ မြတ်မန္တလာထွန်းမိသားစုနှင့် ညောင်ရွှေမြို့မှ ဟိုပင်ဟိုတယ် မိသားစုတို့ စုပေါင်း၍ မေ ၂၀ ရက်တွင် အထက်ပါဂေဟာများ၌ အလှူဒါနပြုလုပ်မည်ဖြစ်ပြီး တွံတေးရွှေဆံတော်စေတီကို ဖူးမြော်ကြမည်ဖြစ်သည်။ လိုက်ပါလှူဒါန်းလိုသူများ အမှတ် (၅၂) ကျွန်းတောလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၀၄၈၀၈၊ ၅၃၇၈၇၂၊ ၀၉–၅၁–၀၈၀၈၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

# နေပြည်တော်ဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် သန့်ရှင်းသာယာလှပရေးကိစ္စရပ်များမှာကြား

နေပြည်တော် မေ ၁၆

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၅ရက် မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန် စီမံကိန်းရှိ ဟိုတယ်များဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သင်္ဂဟဟိုတယ်သို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ဟိုတယ်ဖွင့်လှစ်ဆောင်ရွက်နေမှု၊ ဘန်ဂလိုများ ခန်းဖွဲ့တည်ရှိမှုနှင့် တည်ဆောက်ဆဲ အဆင့်မြင့်အဆောက်အအုံ လုပ်ငန်းရပ်များ တိုးတက်မှုအခြေအနေတို့ကို ပုံပြကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဟိုတယ်လုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ဟိုတယ်လုပ်ငန်း များ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လျာထား သတ်မှတ် ထားသော ကာလအတွင်း လုပ်ငန်းစီမံကိန်းများ ပြီးစီးရေးနှင့် သန့်ရှင်းသာယာ လှပရေး ကိစ္စရပ်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွှေမြန်မာဟိုတယ်နှင့် ရွှေနန်းတော် ဟိုတယ်တို့သို့ သွားရောက်ပြီး ဟိုတယ်စီမံကိန်း တစ်ခုချင်းအလိုက် ဝင်ရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

နေပြည်တော်ဟိုတယ်ဇုန်သည် ကုမ္ပဏီများအလိုက် ဟိုတယ်စီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ ဟိုတယ်စီမံကိန်း ခုနစ်ခုအနက် ခြောက်ခုသည် ပထမ အဆင့် ဟိုတယ်ဘန်ဂလိုပုံစံ အဆောက်အအုံ ၈၂လုံး၊ အခန်း ၁၅၁ခန်းပြီးစီး ဖွင့်လှစ်ထားကြောင်းနှင့် ဒုတိယအဆင့်အဖြစ် လိုအပ်သော ဟိုတယ်အဆောက်အအုံ များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

# စက်ခေါင်းနှင့်တွဲသုံးဘက်ထရီများ အရည်အသွေးတိုးမြှင့်ရေးအတွက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဧည့်သည်တော်များ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)တွင် ခင်းကျင်းပြသထားသော မြန်မာ့ မီးရထားစက်ခေါင်းနှင့် တွဲသုံးဘက် ထရီများကိုကြည့်ရှုကြစဉ်။**(ရထား)

ရန်ကုန် မေ ၁၆

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)၌ ပြည်တွင်းဘက်ထရီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ပညာရှင်များနှင့် ပုဂ္ဂလိကပညာရှင်များအား တွေ့ဆုံ၍ စက်ခေါင်းနှင့် တွဲသုံးဘက်ထရီများ အရည်အသွေး တိုးမြှင့်ရေးအတွက် တွေ့ဆုံဆွေးနွေးသည်။**

ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က မြန်မာ့မီးရထားတွင် ဘက်ထရီ အမျိုးမျိုးကို စက်ခေါင်းအမျိုးအစား၊ တွဲ အမျိုးအစားအလိုက်လည်းကောင်း၊ အခြားသံလမ်းပြေး ယာဉ်များနှင့် ဆက်သွယ်ရေး လုပ်ငန်းများတွင် လည်းကောင်း သုံးစွဲရကြောင်း၊ နှစ်စဉ် စက်ခေါင်းနှင့် တွဲများအတွက် လိုအပ် ချက်၊ ဝယ်ယူရသည့် တန်ဖိုးငွေအရ နိုင်ငံခြားငွေချွေတာစေရန်ပြည်တွင်း ထုတ်လုပ်သော ဘက်ထရီများကိုသာ သုံးစွဲလိုကြောင်း၊ ဘက်ထရီများ အရည် အသွေးကောင်းမွန်မှသာ တွဲလျှပ်စစ်မီး နှင့် ပန်ကာများကောင်းမွန်စွာ အသုံးပြု နိုင်ပြီး စက်ခေါင်းများ လမ်းခရီး၌ အချိန်ကြန့်ကြာမှုများ မရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ဘက်ထရီ၏ အခန်းကဏ္ဍ သည်အရေးပါကြောင်းနှင့် တက်ရောက် လာကြသော ထုတ်လုပ်သူများ၊ ပညာရှင်များနှင့် ကျွမ်းကျင်သူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလို ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဒုတိယ အထွေထွေမန်နေဂျာ(လျှပ်စစ်) ဦးဇော်ဝင်းက စက်ခေါင်းနှင့် တွဲများ၌ လက်ရှိအသုံးပြုနေသည့် ဘက်ထရီ အမျိုးအစား၊ ထုတ်လုပ်သည့်ကုမ္ပဏီနှင့် နိုင်ငံတို့ကိုလည်းကောင်း၊ ပြည်တွင်း ပြည်ပမှ ဝယ်ယူသုံးစွဲမှု အခြေအနေ တို့ကိုလည်းကောင်း၊ ပြည်ပမှ ဝယ်ယူ သုံးစွဲသည့် ဘက်ထရီနှင့် ပြည်တွင်း ထုတ် ဘက်ထရီတို့၏ အရည်အသွေး နှင့် သုံးစွဲနိုင်သည့် သက်တမ်းတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူ လုပ်ငန်းရှင်များနှင့် ပညာရှင်များက အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးကတင်ပြ ချက်များအပေါ် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တက်ရောက် လာကြသူများသည် ခန်းမ၌ ခင်းကျင်းပြသထားသော မြန်မာ့မီးရထား စက်ခေါင်းနှင့် တွဲသုံး ဘက်ထရီများကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

➪ **ကျောဖုံးမှ**

ဧပြီ ၂၆ တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော ဦးအောင်ဌေး၏ နုတ်ထွက်လွှာတွင် NLD ပါတီသည် ဒီမိုကရေစီထွန်းကားရန် ဆောင်ရွက်သည်ဟု ကြွေးကြော်နေပြီး အုပ်စုဖြင့်အနိုင်ကျင့်သော လုပ်ရပ်များကိုသာ လုပ်ဆောင်နေကြောင်း၊ အုပ်စုဖြင့် မမှန်မကန် လုပ်နေသည်များကို လက်ခံပြီး မှားနေသည်ဟု သိရှိသော်လည်း ပြင်ဆင်ခြင်းမပြုဘဲ ဟန်မပျက် ဆက်လက်ရပ်တည်နေကြောင်း၊ လူထုအား စည်းရုံးရေး၊ ပါတီတွင်း စည်းလုံးညီညွတ်ရေးတို့ကို ဆောင်ရွက်ခြင်း လုံးဝ မရှိကြောင်း၊ ပါတီနိုင်ငံရေးသန့်သန့်ကိုသာ လုပ်ဆောင်နေခြင်း မဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကို ရှေးရှုဆောင်ရွက်နေမှု ကြောင့် စိတ်ပျက်မိသဖြင့် ၎င်း၏ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက် ပါကြောင်းဖြင့် ဖော်ပြထားပြီး ပါတီဝင် ၂၉ဦးတို့၏ နုတ်ထွက်လွှာများတွင် ပါတီ၏ လုပ်ရှားမှုများအပေါ် စိတ်ဝင်စားမှုမရှိခြင်း၊ ယုံကြည်မှုမရှိခြင်း တို့ကြောင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်း ဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

နေပြည်တော် မေ ၁၆

၂၀၀၇ခုနှစ် မေ ၁၆ရက် မြန်မာစံတော်ချိန် ညနေ ၃နာရီ ၂၈မိနစ် ၁၂စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၉၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ နေရာ (လာအို–မြန်မာနယ်စပ်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီး ဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

# တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဌာနတို့မှ ဧပြီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၈၇မှုဖမ်းဆီး

ရန်ကုန် မေ ၁၆

၂၀၀၇ခုနှစ် ဧပြီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကောက်ခွန် ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၁၈၇မှုဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၅၀မှု အလေးချိန် ၃၆၅ ဒသမ ၄၂၂၈ ကီလို၊ ဘိန်းဖြူ ၄၁မှု အလေးချိန် ၀ ဒသမ ၆၃၁၆ ကီလို၊ ဘိန်းဆီခြောက်မှု အလေးချိန် ၀ ဒသမ ၆၈၂၅ကီလို၊ အဆင့် နိမ့်ဘိန်း ၁၈မှု အလေးချိန် ၁၀ ဒသမ ၄၃၅၂ကီလို၊ ဆေးခြောက် ကိုးမှု အလေးချိန် ၀ ဒသမ ၈၂၄၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃မှု ၃၆၅၅၈၀ ပြား၊ ဘိန်းစာမှုန့် ကိုးမှု အလေးချိန် ၁၈ ဒသမ ၄၅ကီလို၊ ဓာတုဆေးရည် တစ်မှု အလေးချိန် ၂၃၄လစ်တာ၊ ဖိုလန်ဆေးပြား တစ်မှု ၁၇၈ပြား၊ မှတ်ပုံတင်ပျက် ခုနစ်မှု၊ အခြားအမှု ၁၂မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၇ ခုနှစ် ဧပြီလ၌ အမှုပေါင်း ၁၈၇မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၁၁ဦး၊ မ ၅၃ဦး စုစုပေါင်း တရားခံ ၂၆၄ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လယ်တီစံ မဟာစည်ရိပ်သာ တရားစခန်း

ရန်ကုန် မေ ၁၆

ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် မဟာညောင်ကုန်းရှိ လယ်တီစံ မဟာ စည်ရိပ်သာတွင် လစဉ် ၁၀ရက်တရားစခန်းကို မေ၂၀ရက်မှ ၃၀ရက် အထိ (နယုန်လဆန်း ၅ရက်ညနေမှ နယုန်လပြည့်နေ့အထိ)၁၀ရက်တရားစခန်းပွဲ ကို ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများသည် အကျိုးတော်ဆောင် အဖွဲ့ရုံး ဖုန်း–၂၀၁၆၃၄သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်၍ အရုဏ်ဆွမ်း၊ နေ့ဆွမ်း အလှူရှင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)

**ခင်ပွန်း ဦးတွတ်အား ရည်စူး၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းနေ ဒေါ်တင်ဦး (မာဃရွှေဆိုင်) မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို ပိဋကဆရာတော် ဘဒ္ဒန္တ စာရိန္ဒာဘိဝံသ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ–နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# သဲအင်းဂူဆရာတော် ပူဇော်ပွဲနှင့် ပဒေသာပင်စိုက်ထူပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ တည်ထောင်တော်မူခဲ့သော မူလသဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ကြီးတွင် မူလသဲအင်းဂူဆရာတော်ကြီးအား ပူဇော်ပွဲ၊ သဲအင်းဂူပရိယတ္တိ သာသနာ့ နဂ္ဂဟ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ၊ တိုးချဲ့ဆောက်လုပ်ပြီးစီးသွားသော နှစ်ထပ်အရိယာသိမ်တော်ကြီးနှင့် ဝါတွင်းအထူးအဓိဋ္ဌာန်ဂူကျောင်းများရေစက်ချပွဲ မင်္ဂလာအခမ်းအနားများကို ဇွန်၁ရက်(သောကြာနေ့) နံနက်၉နာရီတွင် သဲအင်းဂူ အရိယဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာအလှူရှင်များနှင့်ဧည့်ပရိသတ်များ ကြွရောက်ကြည်ညိုကြပါရန်နှင့် နံနက်စာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရှိရသည်။ (က–ပ)

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော် ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန် မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းနေ မောင်ရဲရင့်မြင့်မိုရ်၏ ငါးနှစ်မြောက် မွေးနေ့အတွက်ဦးမြင့်စိုး–ဒေါ်ယဉ် နွယ်ချို မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချို ထံပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၇–၅–၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ကျောက်တစ်လုံး ရေကူးရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (အင်္ဂလိပ်စာအထူးပြု)(အင်္ဂလိပ်စာ)
- ၅:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၂၅ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ" (လူကူးမျဉ်းကြားမှကူးမယ်)**
- ၅:၃၀ ၈။ တေးဂီတအစီအစဉ်
- ၅:၄၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သီရိဂေဟာ
- ၇:၀၀ ၁၃။ Discovery
- ၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သန်းသော အသည်းနှလုံး" (အပိုင်း–၂)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး"(အပိုင်း–၃)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

# မလွန်လွန်းဘူးလား

**စာဖတ်သူတစ်ဦး**

ထိုနေ့က စာအုပ်စင်တွင် အနှစ်နှစ်အလလ စုဆောင်းထားသော သတင်းစာဖြတ်ပိုင်းများ၊ စာအုပ်စာစောင်များ ကျဲပြန့်နေသည်ကို ပြန်လည်သိမ်းဆည်းနေရသဖြင့် စာဖတ်သူမိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့ရာ ဆုံနေကျလက်ဖက်ရည်ဆိုင်သို့ ကျွန်တော်မရောက်ဖြစ်ခဲ့ပါ။

ထိုသို့ သိမ်းဆည်းနေစဉ် စာဖတ်သူ မိတ်ဆွေတစ်သိုက် ကျွန်တော့်အိမ်သို့ ဆိုင်းမဆင့်ဗုံမဆင့် ရောက်ချလာကြပါသည်။ သူတို့လက်ထဲတွင်လည်း သတင်းစာတချို့၊ ဂျာနယ်တချို့ ပါလာသည်ကို တွေ့လိုက်ရသဖြင့် စကားဝိုင်းဖွဲ့ဆွေးနွေးစရာတစ်ခုခုတော့ရှိနေပြီဟု သိလိုက်ပါသည်။

မိတ်ဆွေတစ်ဦးက "စိတ်တော့မရှိနဲ့ဗျာ၊ မတင်မကျဖြစ်နေတာလေးတွေရှိလို့ မအောင့်နိုင်တော့ဘဲ စာဖတ်သူကြီးဆီ ပေါက်ချလာကြတာ"ဟု စကားစလိုက်ပါသည်။

မိတ်ဆွေတစ်ဦးကလည်း "ဒီလိုဗျ၊ အာရှနဲ့ အရှေ့တောင်အာရှမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ အတူ တရုတ်နဲ့ ဗီယက်နမ်တို့လဲ မရှေးမနှောင်း စတင်ကျင့်သုံးခဲ့ကြတာမဟုတ်လား" ဟု အစချီလာပါသဖြင့်–

"ခင်ဗျားဆိုလိုချင်တာက တရုတ်နဲ့ ဗီယက်နမ်တို့က စီးပွားရေးအရ ပိုမိုဖွံ့ဖြိုးတိုးတက်နေကြပြီး မြန်မာနိုင်ငံက သူတို့လောက် မဖွံ့ဖြိုးမတိုးတက်သေးဘူး၊ အဲဒါဘာကြောင့်လဲလို့ ဆွေးနွေးချင်တာ မဟုတ်လား" ဟု သူတို့ရည်ရွယ်ချက်ကို မေးဖြေ ဖြေခဲ့ရာ–

"မှန်ပါတယ်ဗျာ၊ အားမလိုအားမရ ဖြစ်မိတာကိုတော့ ဝန်ခံပါတယ်။ အကြောင်းအမျိုးမျိုးရှိနေတာကြောင့်လို့လဲ တွက်ဆမိပါတယ်။ တချို့ပြည်သူတွေကလဲ ဒီလိုပဲ တွေးတောနေကြလို့ပါ"

"ခင်ဗျားလိုပဲ ပြီးခဲ့တဲ့သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆) တုန်းကလဲ ဂျာနယ်တစ်စောင်က ဂျာနယ်လစ်တစ်ယောက် အားမလိုအားမရနဲ့ ထမေးခဲ့တာ မှတ်မိကြဦးမယ်ထင်တယ်"

"အဲဒီမေးခွန်းနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက အကြောင်းနဲ့အကျိုးဆက်စပ်ပြီး အကျယ်တဝင့် ရှင်းပြသွားတယ်ဆိုတာကိုတော့ မှတ်မိလိုက်ပါတယ်"

"ဝန်ကြီးက မြန်မာနိုင်ငံမှာ ဗီယက်နမ်လို ပြည်ပဆရာကြီးရဲ့ စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုတွေသာမရှိခဲ့ရင် လက်ရှိအခြေအနေထက် နှစ်ဆမျှ ပိုမိုဖွံ့ဖြိုးတိုးတက်နေမှာဖြစ်တယ်လို့ ရှင်းလင်းပြောကြားခဲ့တယ်လေ"

"ဒါဆို ပြီးခဲ့တဲ့နှစ် ဗီယက်နမ်နိုင်ငံမှာကျင်းပခဲ့တဲ့ အေပက်အစည်းအဝေးမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာ ရိုက်စ်က ဗီယက်နမ်ရဲ့ နမူနာကို မြန်မာနိုင်ငံအနေနဲ့ ယူသင့်တယ်လို့ စောင်းပြောသွားတာကို မှန်များမှန်လေသလားလို့ ခင်ဗျားတို့ ဇဝေဇဝါဖြစ်နေကြပြီထင်တယ်"

"အဲဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ ကိုယ့်နိုင်ငံကို တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းလျှောက်လှမ်းနိုင်စေချင်တဲ့ အပြုသဘောဆန္ဒနဲ့ပါ။ ချို့ယွင်းအားနည်းချက်တွေရှိရင်လဲ ဝိုင်းဝန်းထိန်းသိမ်းပြုပြင်နိုင်ဖို့ပါ"

"ကျွန်တော်တို့ဟာ ကံ–ကံ၏အကျိုးနဲ့ အကြောင်းတရားတွေကြောင့် အကျိုးတရားဖြစ်ပေါ်ရတယ်ဆိုတဲ့ တရားသဘောကို ယုံကြည်လက်ခံထားသူတွေဖြစ်တယ်မဟုတ်လား။ ဒါကြောင့်မို့ ကိစ္စရပ်အားလုံးကို စေ့ဆော်ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတွေကို သိမြင်အောင် ရှာဖွေနိုင်စွမ်းရှိရမယ်။ အဲဒီအကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားကိုလဲ သုံးသပ်နိုင်စွမ်းရှိရမယ်။ ကောင်းမွန်တဲ့အကျိုးတရားတွေကို ဖြစ်ပေါ်လာအောင် မကောင်းတဲ့ အကြောင်းတရားတွေကို ပယ်သတ်ပြီး ကောင်းတဲ့ အကြောင်းတရားတွေကို ပျိုးထောင်ကြရမယ်မဟုတ်လား"

"မှန်ပါတယ်ဗျာ၊တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ကို စတင်ယူချိန်က ယနေ့အထိ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးနဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးကို ဦးလည်မသုန် ဆောင်ရွက်ပေးနေတယ်ဆိုတာကို လေ့လာသိရှိထားတာနဲ့အမျှ ခင်ဗျားတို့ ကျွန်တော်တို့က ယုံကြည်သက်ဝင် လက်ခံထားကြသူတွေပါ"

"ဒါဆို ကျွန်တော် မေးခွန်းတစ်ခုထုတ်ချင်တယ်။ ဒီနေ့ တရုတ်ပြည်မှာရော၊ ဗီယက်နမ်မှာရော ကျွန်တော်တို့နိုင်ငံမှာလို အတိုက်အခံလို့နာမည်ခံပြီး အစိုးရလုပ်သမျှ အကောင်းမမြင် အဆိုးသာထင်ပြီး ပြည်ပအားကိုးနဲ့ ကဖျက်ယဖျက် ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ နိုင်ငံရေးပါတီဆိုတာ ရှိသလား"

"ဟာ...ဘယ်မှာရှိမှာလဲ၊ သူတို့ဆီမှာက အမျိုးသားနိုင်ငံရေး အင်အားစုတစ်ခုတည်းရဲ့ ဦးဆောင်မှုအောက်မှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ သူတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွားကို တစ်စိတ်တည်းတစ်ဝမ်းတည်း အင်တိုက်အားတိုက်အကောင်အထည်ဖော်နေကြတာလေဗျာ"

"နောက်ပြီး မတရားအသင်းတွေ၊ အကြမ်းဖက်အဖွဲ့တွေအဖြစ် နိုင်ငံတော်က ကြေညာရလောက်တဲ့အထိ ဆိုးသွမ်းအကြမ်းဖက်နေတဲ့ အမျိုးသားသစ္စာဖောက် ပြည်ပြေးသောင်းကျန်းသူတွေလဲ မရှိဘူးဗျ။ စင်ပြိုင်အစိုးရဆိုတာမျိုးဖွဲ့ပြီး ပြည်ပဆရာကြီးအားကိုးနဲ့ နိုင်ငံတကာမှာ လှုတွင်ကျယ်လုပ်နေတဲ့ အဖွဲ့တွေလဲ မရှိဘူးဗျ"

"ဟုတ်ပြီ၊ ဒါဆိုရင် အဲဒီနိုင်ငံတွေအပေါ်မှာ ပြည်ပဆရာကြီးရဲ့ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက် ခြယ်လှယ်ကြိုးကိုင်မှုတွေရော ရှိသလားဗျာ"

"ဖုံးကွယ်ပုံဖျက်ထားတဲ့ ပြည်ပပယောဂ အနည်းအကျဉ်းတော့ ရှိကောင်းရှိမယ်ထင်တယ်။ ဒါပေမယ့် ကျွန်တော်တို့မြန်မာနိုင်ငံအပေါ်မှာလို ရန်သူလိုသဘောထားပြီး ပြောင်ပြောင်တင်းတင်း စွက်ဖက်ဖိအားပေးနေတာမျိုး မရှိတာကတော့ သေချာတယ်"

"အဖြေက အဲဒါပဲဗျ၊ ပြည်ပဆရာကြီးက နိုင်ငံတကာဆက်ဆံရေးမှာ သူနဲ့မတူ သူ့ရန်သူလို့ သတ်မှတ်ထားပေမယ့် ချိုသင့်တဲ့နေရာမှာ ချိုပြီးတော့ ဆက်ဆံရမယ့်နိုင်ငံ၊ မျက်နှာသာပေးပြီး ဖက်လဲတကင်း ဆက်ဆံရမယ့်နိုင်ငံ၊ တစ်ဖက်သတ်အမြင်နဲ့ တစ်ဖက်စောင်းနင်း ဖိအားပေးရမယ့်နိုင်ငံ၊ စစ်ရေးအရကျူးကျော်စော်ကားရမယ့်နိုင်ငံ စသဖြင့် ပထဝီနိုင်ငံရေးအရရော၊ နိုင်ငံရေးမဟာဗျူဟာအရရော စံအမျိုးမျိုး ခွဲခြားဆက်ဆံနေတယ်လေဗျာ"

"သဘောပေါက်ပြီဗျို့၊ ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ် ၁၉၈၈ ဆူပူအကြမ်းဖက်မှု အရေးအခင်းကာလစပြီး ရေတပ်သင်္ဘောအုပ်စုတစ်စုနဲ့ အယောင်ပြဖိအားပေးခဲ့တယ်။ လွှတ်တော်အမတ်ဆိုသူတွေ လာရောက်ပြီး မဆီမဆိုင် ကြားဖြတ်အစိုးရဖွဲ့စည်းပေးရေး၊ လွှတ်တော်ခေါ်ယူရေး စသဖြင့် သပ်လျှိုလှုံ့ဆော်ခဲ့တယ်"

"ဒါတင်ဘယ်ကမလဲ၊ အရေးအခင်းကာလကျမှ လူပေါ်လူဇော် တက်လုပ်လာတဲ့ နိုင်ငံရေးသင်ပုန်းကြီးမကျေတဲ့ လူတစ်စုကိုလဲ ပြည်ပဆရာကြီးရဲ့ သံရုံးကတစ်ဆင့် မြှောက်ပင့်အားပေးသွေးထိုးခဲ့တယ်မဟုတ်လား"

"အဲဒါကို အဟုတ်ကြီးမှတ်ပြီး ပေါ်ပင်နိုင်ငံရေးသမားတွေက လူတွင်ကျယ်လုပ်ခဲ့ကြတယ်လေ။ ဒီမိုကရေစီအရေးလို့ ဗန်းပြကြွေးကြော်၊ မြန်မာ့နိုင်ငံရေးဇာတ်ခုံပါမှာ ပွဲလှန့်ဖျာခင်းပြီး ဒီမိုကရေစီမောင်ပိုင်စီးခဲ့ကြတာဗျ"

"အဲဒီအချိန်ကစပြီး NLD ဥက္ကဋ္ဌ ဦးတင်ဦးက မြန်မာနိုင်ငံအပေါ် ရင်းနှီးစွာ အသိအမှတ်ပြု ဆက်ဆံနေကြတဲ့ တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဂျပန် အစရှိတဲ့ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေကို ဝေဖန်ပြစ်တင်မှုတွေလုပ်ခဲ့တယ်။အမေရိကန်သမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီးအပါအဝင် သူတို့အားကိုးလို့ရမယ်ထင်တဲ့ တခြားနိုင်ငံတွေက ဝန်ကြီးချုပ်တွေ၊ နိုင်ငံခြားရေးဝန်ကြီးတွေဆီ အသနားခံစာတွေရေးပြီး မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှု၊ ဆက်သွယ်ဆက်ဆံမှု၊ ရင်းနှီးမြှုပ်နှံမှုတွေမပြုလုပ်ကြဖို့၊ မြန်မာနိုင်ငံအပေါ် ဝိုင်းပြီး ဖိအားပေးကြဖို့ တိုက်တွန်းတောင်းဆိုခဲ့တယ်လေ"

"တစ်ပြည်သူမရွေးထားလို့ တင်စားလောက်တဲ့ NLD ဒေါ်စုကြည်ကလဲ နိုင်ငံရေးကစားကွက်တွေပြုလုပ်ပြီး တပ်မတော်အစိုးရအပေါ် ထိုးနှက်တိုက်ခိုက်တဲ့ အမနာပစကားတွေကို အာပေါင်အာရင်းသန်သန်နဲ့ မုန်တိုင်းထန်ခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါကြောင့်မို့ ပြည်ပသတင်းဌာနတွေက တပ်မတော်အစိုးရအပေါ် တစ်ဖက်သတ် အမြင်ကျဉ်းမြောင်းမှုတွေနဲ့ ကနေ့အထိ ဆန့်ကျင်လာခဲ့ကြတယ်။ ပုံပျက်ပန်းပျက်သတင်းတွေ၊ ပုံကြီးချဲ့သတင်းတွေနဲ့ နိုင်ငံတကာက ထင်ယောင်ထင်မှားဖြစ်အောင် ဆွမ်းကြီးဝိုင်းလောင်းခဲ့ကြတယ်"

"အရေးအခင်းကာလက ဆူပူအကြမ်းဖက်ခဲ့မှုတွေကို အရှိန်မသတ်နိုင်ဘဲ ရပ်ရွာအေးချမ်းရေးနဲ့တရားဥပဒေစိုးမိုးရေး ထိခိုက်ပျက်ပြားအောင် ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေကိုတောင် ရမ်းရမ်းကားကား ဆက်လုပ်ခဲ့ကြသေးတယ်"

"ဒါကြောင့်မို့ ဗကပယူဂျီတွေက ၁၉၈၉ ခုနှစ် အာဇာနည်နေ့ကို ဒုတိယတော်လှန်ရေး(Second Revolution)နေ့အဖြစ်သတ်မှတ်ပြီး သွေးချောင်းစီးတဲ့ဖြစ်ရပ်တစ်ခု ပေါ်ပေါက်အောင် ထောင်ချောက်ဆင် ကျုံးသွင်းခဲ့တဲ့အထဲ ဒေါ်စုကြည်နဲ့ NLD တွေ ဝင်တိုးတော့မယ့်ဆဲဆဲမှာ တပ်မတော်အစိုးရက အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့လို့သာ ကျွန်တော်တို့

ပြည်သူတွေ နိုင်ငံရေးရေတိမ်နစ်မယ့်အရေးက ကင်း
မဟုတ်လား"

"အဲဒီတုန်းက ဆိုရှယ်လစ်စီးပွားရေးစနစ်ကနေ
စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာတဲ့ မြန်
သဘာဝသယံဇာတ အရင်းအမြစ်ကြွယ်ဝမှုနဲ့ လူ့စွမ်း
အမြစ် တည်ရှိနေမှုတွေကြောင့် နိုင်ငံတကာ စီးပွားရေ
ရှင်တွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့ မျက်စိကျနေကြတ
နိုင်ငံဟာ သူတို့အတွက် ရင်းနှီးမြှုပ်နှံဖို့ အခြေခံ
ပိုရှိတယ်လို့ ယူဆနေကြကြောင်း သတင်းတွေ ဖတ်မိ
သလားလို့"

"အဲဒါအမှန်ပဲ၊ အဲဒီကာလတုန်းက အဲဒီလိုကော
တွေ ပျံ့နှံ့ခဲ့တာ အသေအချာပဲပေါ့။ စာနယ်
ခေတ်သမိုင်းဆိုသလို အဲဒီတုန်းက ထုတ်ဝေခဲ့တဲ့
တွေမှာ သတင်းတွေ၊ သတင်းဆောင်းပါးတွေ ဝေ
ဖော်ပြခဲ့တာ ပြန်ပြီးလေ့လာရင် အထင်အရှား ေ
တယ်"

"ဟုတ်လား၊ စာဖတ်သူဆီမှာ လက်လှမ်းတမီရှိ
ဗျာ၊ နှစ်ပေါင်း၁၈ နှစ်လောက်ကြာခဲ့ပြီဆိုတော့ အား
မေ့လောက်နေကြပြီ၊ အသက် ၁၉နှစ်၊၂၀ အရွယ် လူငယ်
ဘယ်သိနိုင်ကြတော့မလဲ။ ကျွန်တော်တို့လို ၄၀ ကျော်
တွေတောင် အမှုမဲ့အမှတ်မဲ့ ဖြစ်ကုန်ကြပြီ"

"အဲဒီကာလတုန်းက မြန်မာနိုင်ငံရဲ့အခြေအနေ
ထဲထဲဝင်ဝင်သိရှိနေတဲ့ နိုင်ငံခြားသားတွေကိုယ်တိုင်
တွေမှာ ဝေဖန်သုံးသပ်တဲ့ သတင်းဆောင်းပါးတွေ
ဖော်ပြခဲ့ကြတယ်။ ကျွန်တော် အခုပဲ စာအုပ်
သိမ်းထားတဲ့ဆောင်းပါးလေးတစ်စောင်တွေ့ထားတာနဲ့

"စိတ်ဝင်စားစရာပဲဗျာ၊အဲဒီသတင်းဆောင်းပါးကိုဖ

"၁၉၈၉–၉၀ပြည့်နှစ်ကာလက မြန်မာနိုင်ငံရဲ့အ
အလားအလာတွေကို ရည်ညွှန်းပြီးဝေဖန်သုံးသပ်ခဲ့တဲ့
သားတစ်ဦးကတော့ Merrill Lynch ကုမ္ပဏီ ရဲ့အာ
ဥက္ကဋ္ဌဟောင်း မိုက်ကယ်ဒေါ့ဟစ်ဂင်ဆင် ဆိုသူပဲဖြ
သူက Asia Pacific New World Disorder
ရေးသားခဲ့သူလဲဖြစ်တယ်။ မိုက်ကယ်ဒေါ့ဟစ်
**'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဘာသဘောနဲ့ လုပ်**
**တာလဲ'** ဆိုတဲ့ ဆောင်းပါးထဲမှာအခုလို ရေးသားထ

**လက်ရှိ မြန်မာနိုင်ငံအစိုးရ၏ အားကြိုး**
**ဆောင်ရွက်မှုအရလည်းကောင်း၊ နိုင်ငံတကာ ရင်**
**အသိုင်းအဝိုင်း၏ တရုတ်ပြည်နှင့် ဗီယက်နမ်**
**အနေများအပေါ် ကျေနပ်မှုမရှိသောကြောင့်လည်**
**နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများသည် မြန်မာ**
**ပိုမိုအာရုံစိုက်လာသည်ကို ထင်ထင်ရှားရှား တွေ**
**ပါသည်။**

**ထို့ကြောင့် ကိုယ်ပိုင်ရည်မှန်းချက် အ**
**အချင်းချင်းအငြင်းပွားနေသည့် အုပ်စုဝင်အ**
**ပေါင်းစုဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေ**
**(NLD) သည် ယခုအတိုင်း တာဝန်မဲ့ပြီး တစ်ကို**
**ဆန်ဆန် ဆက်လက်ကျင့်ကြံပြုမူနေပါက ယ**
**ဆောင်ရွက်မှု၏ဆိုးကျိုးကို ခံစားရမည့်သူမှာ**
**အစိုးရမဟုတ်ပေ၊ သာမန် မြန်မာပြည်သူပြည်သ**
**ဖြစ်လိမ့်မည်။**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏**
**ချက်များကြောင့် နိုင်ငံခြားအစိုးရများက ကူညီ**
**မှုများ ကမ်းလှမ်းခြင်းမပြုတော့ဘဲ နိုင်ငံခြားရင်**
**များလည်း မရှိတော့ပါက သာမန်ပြည်သူများ၏**
**ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံ**
**လုပ်ငန်းများဖြစ်ကြသော လျှပ်စစ်ဓာတ်အားနှင့်**
**မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု စ**
**ထိခိုက်နိုင်ရုံသာမကပြည်သူများ၏ လူနေမှုဘဝ**
**လည်း များစွာထိခိုက်စေမည်ဖြစ်သည်။**

**နိုင်ငံတကာသတင်းဌာနများက အမျိုးမျိ**
**ရေးသားလျက်ရှိသဖြင့် အမျိုးသားဒီမိုကရေ**
**(NLD)၏ လုပ်ဆောင်ချက်များကြောင့် နို**
**ဆူပူမှုအသစ်များ ပေါ်ပေါက်လာနိုင်သည်ဟု နိုင်ငံ**
**များနှင့် ရင်းနှီးမြှုပ်နှံလို သူများအနေဖြင့် ထင်**
**ပါသည်။**

**အခြေအနေမှန်များကို ပိုမိုသဘောပေါက်လာသည်နှင့်အမျှ ပြည်သူတို့၏ လက်ရှိအစိုးရအပေါ် ထောက်ခံမှုသည်လည်း ပိုမိုနိုးကြားတက်ကြွလာမည်မှာ အမှန်ပင်ဖြစ်သည်။ လက်ရှိအစိုးရ တာဝန်ယူသည့်လက်ထက်တွင် နိုင်ငံ၏ ကောင်းမွန်သော အနာဂတ်အနေအထားသည် ပိုမိုပုံပေါ်လာလျက်ရှိပြီး နိုင်ငံတွင်လည်း တိုးတက်မှုများ အမှန်တကယ်ရလျက်ရှိသည်ကို ပြည်သူများက သဘောပေါက် နားလည်ထားကြပြီးဖြစ်ပါသည်။**

ူတွေ နိုင်ငံရေးရေတိမ်နစ်မယ့်အရေးက ကင်းဝေးခဲ့ရတာ
ပ်လား"

"အဲဒီတုန်းက ဆိုရှယ်လစ်စီးပွားရေးစနစ်ကနေ ဈေးကွက်
ရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာတဲ့ မြန်မာနိုင်ငံရဲ့
ဝသယံဇာတ အရင်းအမြစ်ကြွယ်ဝမှုနဲ့ လူ့စွမ်းအားအရင်း
တည်ရှိနေမှုတွေကြောင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း
ွ လာရောက်ရင်းနှီးမြှုပ်နှံဖို့ မျက်စိကျနေကြတယ်၊ မြန်မာ
ာ သူတို့အတွက် ရင်းနှီးမြှုပ်နှံဖို့ အခြေခံကောင်းတွေ
ယ်လို့ ယူဆနေကြကြောင်း သတင်းတွေ ဖတ်မိကြားသိခဲ့ရ
းလို့"

"အဲဒါအမှန်ပဲ၊ အဲဒီကာလတုန်းက အဲဒီလိုကောင်းသတင်း
ပျံ့နှံ့ခဲ့တာ အသေအချာပဲပေါ့။ စာနယ်ဇင်းတိုင်း
သမိုင်းဆိုသလို အဲဒီတုန်းက ထုတ်ဝေခဲ့တဲ့သတင်းစာ
ာ သတင်းတွေ၊ သတင်းဆောင်းပါးတွေ ဝေဝေဆာဆာ
ခဲ့တာ ပြန်ပြီးလေ့လာရင် အထင်အရှား တွေ့ရှိနိုင်ပါ
"

"ဟုတ်လား၊ စာဖတ်သူဆီမှာ လက်လှမ်းတမီရှိရင် ပြပါဦး
စ်ပေါင်း၁၈ နှစ်လောက်ကြာခဲ့ပြီဆိုတော့ အားလုံးလိုလိုက
ာက်နေကြပြီ၊ အသက် ၁၉နှစ်၂၀ အရွယ် လူငယ်တွေဆိုရင်
သိနိုင်ကြတော့မလဲ။ ကျွန်တော်တို့လို ၄၀ ကျော် ၅၀အရွယ်
ာင် အမှုမဲ့အမှတ်မဲ့ ဖြစ်ကုန်ကြပြီ"

"အဲဒီကာလတုန်းက မြန်မာနိုင်ငံရဲ့အခြေအနေအရပ်ရပ်ကို
င်ဝင်သိရှိနေတဲ့ နိုင်ငံခြားသားတွေကိုယ်တိုင် သတင်းစာ
ဝေဖန်သုံးသပ်တဲ့ သတင်းဆောင်းပါးတွေ ရေးသား
ခဲ့ကြတယ်။ ကျွန်တော် အခုပဲ စာအုပ်စင်ရှင်းရင်း
ားတဲ့ဆောင်းပါးလေးတစ်စောင်တွေ့ထားတာနဲ့အတော်ပဲ"

"စိတ်ဝင်စားစရာပဲဗျာ၊အဲဒီသတင်းဆောင်းပါးကိုဖတ်ပြပါဦး"

"၁၉၈၉-၉၀ပြည့်နှစ်ကာလက မြန်မာနိုင်ငံရဲ့အခြေအနေနဲ့
းအလာတွေကို ရည်ညွှန်းပြီးဝေဖန်သုံးသပ်ခဲ့တဲ့ နိုင်ငံခြား
စ်ဦးကတော့ Merrill Lynch ကုမ္ပဏီ ရဲ့အာရှ-ပစိဖိတ်
ဟောင်း မိုက်ကယ်ဒေါ့ဟစ်ဂင်ဆင် ဆိုသူပဲဖြစ်တယ်ဗျ။
Asia Pacific New World Disorder စာအုပ်ကို
ားခဲ့သူလဲဖြစ်တယ်။ မိုက်ကယ်ဒေါ့ဟစ်ဂင်ဆင်က
**းသားဒီမိုကရေစီအဖွဲ့ချုပ် ဘာသဘောနဲ့ လုပ်ဆောင်နေ**
**'** ဆိုတဲ့ ဆောင်းပါးထဲမှာအခုလို ရေးသားထားတယ်-

**လက်ရှိ မြန်မာနိုင်ငံအစိုးရ၏ အားကြိုးမာန်တက်**
**ဆောင်ရွက်မှုအရလည်းကောင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု**
**အသိုင်းအဝိုင်း၏ တရုတ်ပြည်နှင့် ဗီယက်နမ်နိုင်ငံအခြေ**
**အနေများအပေါ် ကျေနပ်မှုမရှိသောကြောင့်လည်းကောင်း၊**
**ိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများသည် မြန်မာနိုင်ငံအပေါ်**
**ိုမိုအာရုံစိုက်လာသည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရ**
**ါသည်။**

**ထို့ကြောင့် ကိုယ်ပိုင်ရည်မှန်းချက် အမျိုးမျိုးဖြင့်**
**အချင်းချင်းအငြင်းပွားနေသည့် အုပ်စုဝင်အများအပြား**
**ပေါင်းစုဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**(NLD) သည် ယခုအတိုင်း တာဝန်မဲ့ပြီး တစ်ကိုယ်ကောင်း**
**ဆန်ဆန် ဆက်လက်ကျင့်ကြံပြုမူနေပါက ယင်းလုပ်ရှား**
**ဆောင်ရွက်မှု၏ဆိုးကျိုးကို ခံစားရမည့်သူမှာ တပ်မတော်**
**အစိုးရမဟုတ်ပေ၊ သာမန် မြန်မာပြည်သူပြည်သားများသာ**
**ဖြစ်လိမ့်မည်။**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ လုပ်ဆောင်**
**ချက်များကြောင့် နိုင်ငံခြားအစိုးရများက ကူညီထောက်ပံ့**
**မှုများ ကမ်းလှမ်းခြင်းမပြုတော့ဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**
**များလည်း မရှိတော့ပါက သာမန်ပြည်သူများ၏ ပညာရေး၊**
**ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံ ဝန်ဆောင်မှု**
**လုပ်ငန်းများဖြစ်ကြသော လျှပ်စစ်ဓာတ်အားနှင့် ရေဖြန့်ဖြူး**
**မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု စသည်တို့ကို**
**ထိခိုက်နိုင်ရုံသာမကပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်မှုကို**
**လည်း များစွာထိခိုက်စေမည်ဖြစ်သည်။**

**နိုင်ငံတကာသတင်းဌာနများက အမျိုးမျိုးလှုံ့ဆော်**
**ရေးသားလျက်ရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**(NLD)၏ လုပ်ဆောင်ချက်များကြောင့် နိုင်ငံအတွင်း**
**ပူပူမှုအသစ်များ ပေါ်ပေါက်လာနိုင်သည်ဟု နိုင်ငံခြားအစိုးရ**
**များနှင့် ရင်းနှီးမြှုပ်နှံလို သူများအနေဖြင့် ထင်မြင်လာနိုင်**
**ါသည်။**

**ထို့ကြောင့် မြန်မာလူမျိုးတစ်ဦးအနေနှင့်သာမက မြန်မာနိုင်ငံသားများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏အကျိုးယုတ်စေမည့် တစ်ကိုယ်ကောင်းဆန်သော လုပ်ဆောင်ချက်များကို ပိုမိုသဘောပေါက်နားလည်ရန် အချိန်တန်နေပြီဖြစ်သည်။**

**အခြေအနေမှန်များကို ပိုမိုသဘောပေါက်လာသည်နှင့် အမျှ ပြည်သူတို့၏လက်ရှိ အစိုးရအပေါ် ထောက်ခံမှုသည်လည်း ပိုမိုနိုးကြားတက်ကြွလာမည်မှာ အမှန်ပင်ဖြစ်သည်။ လက်ရှိအစိုးရ တာဝန်ယူသည့်လက်ထက်တွင် နိုင်ငံ၏ကောင်းမွန်သော အနာဂတ်အနေအထားသည် ပိုမိုပုံပေါ်လာလျက်ရှိပြီး နိုင်ငံတွင်လည်း တိုးတက်မှုများ အမှန်တကယ်ရလျက်ရှိသည်ကို ပြည်သူများက သဘောပေါက်နားလည်ထားကြပြီးဖြစ်ပါသည်။**

**နိုင်ငံခြားမှ ကူညီထောက်ပံ့မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ တစ်နေ့တခြား ပိုမိုများပြားလာလျက်ရှိသည်ဆိုသည့်အချက်ကိုလည်း နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုက သက်သေခံလျက်ရှိပါသည်။**

**ယခုအချိန်ကာလတွင် အုပ်စုအချင်းချင်းကွဲနေပြီး အခြေအနေနှင့် အနေအထားကိုလည်းမသိ၊ အတွေ့အကြုံလည်းလုံးဝမရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က နိုင်ငံကိုအုပ်စိုးရန် ကြိုးပမ်းနေခြင်းသည် ကျွန်တော့်အတွက် လွန်စွာပင် စိတ်တုန်လှုပ်ချောက်ချားစေသည့် ကြောက်မက်ဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခု ဖြစ်နေပါသတည်း...**

တဲ့၊ ကဲ...စဉ်းစားသာ ကြည့်ကြပါတော့"

"ဟာ...အရင်းစစ်တော့ အမြစ်မြေကဆိုတာ တယ်မှန်ပါလား၊ အဲဒီပုဂ္ဂိုလ် လွန်ခဲ့တဲ့ ၁၈ နှစ်က ကြိုတင်မြော်တွေးရေးသားတွက်ဆထားတဲ့အတိုင်း ကျွန်တော်တို့မြန်မာနိုင်ငံဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လို့ဆိုတဲ့ ပါတီနိုင်ငံရေးသမား NLDတွေရဲ့ တစိုက်မတ်မတ် လုပ်ကြံခြေထိုးမှုကြောင့် တာထွက်ကောင်းသလောက် ပန်းဝင်နောက်ကျနေရတာပါကလား"

"ဒီ့ထက်ပိုဆိုးတာက ဒေါ်စုကြည်နဲ့NLDတွေ၊ ပြည်ပြေး NLDတွေနဲ့ အပေါင်းပါတွေရဲ့ သွေးထိုးလှုံ့ဆော်တောင်းဆိုမှုကြောင့် အမေရိကန်က ၁၉၉၃ ခုနှစ်ကစပြီး မြန်မာနိုင်ငံကို ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာ ကူညီထောက်ပံ့မှုနဲ့ ကမ္ဘာလှည့်ခရီးသွားလာမှု စတာတွေကို Sanction အဖြစ်ချမှတ်ပြီး ဝိုင်းဝန်းပိတ်ဆို့စေခဲ့တာပဲ"

"အဲဒီလိုပြည်ပက ပိတ်ဆို့တားဆီးမှုတွေ၊ ပြည်တွင်းအဖျက်သမားတွေက မတည်ငြိမ်အောင် သွေးထိုးလှုံ့ဆော်မှုတွေ၊ ဆူပူလှုပ်ရှားမှုတွေကြောင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေက ဘယ်လိုဘယ်နည်းနဲ့ဝင်ရောက်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေကို ဖြောင့်ဖြောင့်တန်းတန်း ဆောင်ရွက်နိုင်တော့မှာလဲ?၊ အဖြေက အဲဒါပဲဗျ"

**"အဲဒီလို ပြည်ပကစီးဝင်လာမယ့်ရင်းနှီးမြှုပ်နှံမှုတွေ ရပ်တန့်တုံ့ဆိုင်းပြီး နိုင်ငံတကာ ငွေကြေးကူညီထောက်ပံ့မှုတွေ တစ်ပြားတစ်ချပ်မျှမရတဲ့ကြားက ဆယ်စုနှစ်ကာလအတွင်းမှာ ကျွန်တော်တို့နိုင်ငံကို ကဏ္ဍစုံ၊ ဒေသစုံမှာ အောက်ကျနောက်ကျမဖြစ်ရအောင်၊ စားဝတ်နေမှုဖူလုံပြည့်စုံအောင်၊ ပြည်သူတွေလိုလားတဲ့ ခေတ်မီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်အောင် အခြေခံကောင်းတွေ၊ အလားအလာကောင်းတွေ တည်ဆောက်ပေးနိုင်စွမ်းကတော့ အံ့မခန်းပဲလို့ ဆိုရလောက်တယ်နော်"**

"အမှန်ကတော့ ပြည်တွင်းပြည်ပ အဖျက်သမားတွေက မြန်မာနိုင်ငံကို ရေနစ်သူ ဝါးကူထိုးသလို ဝိုင်းပြီးလုပ်ကြံခဲ့ကြတာလေ။ မဟာဇနက္ကထုံး နှလုံးမူပြီး ယောကျာ်းတို့လုံ့လ သေခါမှလျှော့မယ်ဆိုတဲ့ ဇွဲစိတ်သန်သန်နဲ့ အားကောင်းမောင်းသန်ကူးခတ်ကျော်ဖြတ်နိုင်ခဲ့လို့သာ အခုလိုအခြေအနေထိ မြန်မာနိုင်ငံရောက်ရှိနေရတယ်ဆိုတာကို မှန်မှန်ကန်ကန် သဘောပေါက်နှလုံးသွင်းနိုင်ကြဖို့ အရေးကြီးပါတယ်"

"ဒါနဲ့ဗျာ၊ မြန်မာနိုင်ငံအပေါ် အခုလို အငြိုးကြီးကြီးနဲ့ ပိတ်ဆို့ဖိအားပေးနေသလောက် ဗီယက်နမ်နိုင်ငံကျတော့ ဝိုင်းဝန်းကူညီပံ့ပိုးမှုတွေ ပေးနေကြတာ ဘာကြောင့်လဲဗျ။ ဗီယက်နမ်ဆိုရင် သူတို့ အမေရိကန်တွေ တစ်ချိန်တုန်းက ရန်သူလို စစ်ကြေညာပြီး ကိုယ်ထိလက်ရောက် ဝင်ရောက်ကျူးကျော်စော်ကားခဲ့တာပဲ"

"ကိုလိုနီနယ်ချဲ့လက်သစ်ရဲ့ဝင်ရောက်ကျူးကျော်တိုက်ခိုက်မှုကို ဗီယက်နမ်က တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ အသေအလဲ

**"အဲဒီလို ပြည်ပကစီးဝင်လာမယ့်ရင်းနှီးမြှုပ်နှံမှုတွေ ရပ်တန့်တုံ့ဆိုင်းပြီး နိုင်ငံတကာ ငွေကြေးကူညီထောက်ပံ့မှုတွေ တစ်ပြားတစ်ချပ်မျှမရတဲ့ကြားက ဆယ်စုနှစ်ကာလအတွင်းမှာ ကျွန်တော်တို့နိုင်ငံကို ကဏ္ဍစုံ၊ ဒေသစုံမှာ အောက်ကျနောက်ကျ မဖြစ်ရအောင်၊ စားဝတ်နေမှုဖူလုံပြည့်စုံအောင်၊ ပြည်သူတွေလိုလားတဲ့ ခေတ်မီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်အောင် အခြေခံကောင်းတွေ၊ အလားအလာကောင်းတွေ တည်ဆောက်ပေးနိုင်စွမ်းကတော့ အံ့မခန်းပဲလို့ ဆိုရလောက်တယ်"**

ခုခံကာကွယ် တိုက်ထုတ်ခဲ့တယ်လေဗျာ၊ ဗီယက်နမ်စစ်ပွဲဟာ အမေရိကန်အတွက် ကမ္ဘာ့အလယ်မှာ မျက်နှာပျက် မဟာအရှက်တော်ကွဲခဲ့ရတဲ့ ကျူးကျော်စစ်ပဲဖြစ်တယ်"

"ဟုတ်တယ်၊ ကမ္ဘာ့အလယ်မှာ အမေရိကန်ရဲ့ပုံရိပ်ဟာ ဗီယက်နမ်စစ်ပွဲကြောင့် သေးသိမ်နိမ့်ကျသွားခဲ့ရတယ်။ အဲဒီရှုံးကြွေးကို ပြန်ဆပ်ပြီး သိက္ခာဆယ်ဖို့ အလိုအပ်ကြီး လိုအပ်နေတယ်လေ။ ဒါကြောင့်မို့ တစ်ချိန်တုန်းကတော့ ရန်သူ၊ အခုတော့ မိတ်ဆွေပုံစံချိုးပြီး လိုက်လိုက်လျောလျော ဖေးဖေးမမနဲ့ ဆက်ဆံသမှုပြုနေတယ်လို့ ကျွန်တော့်ကိုယ်ပိုင် အယူအဆအရ သုံးသပ်မိတယ်"

"ဒါလဲ ဟုတ်နိုင်ပါတယ်။ဒါ့အပြင် ဗီယက်နမ်နိုင်ငံမှာ ဒို့နိုင်ငံမှာလို သူတို့အသုံးချလို့ရမယ့်လက်ကိုင်တုတ် ပုဆိန်ရိုးတွေမရှိတာလဲ အကြောင်းတစ်ခုဖြစ်မယ်ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဗီယက်နမ်နိုင်ငံ တိုးတက်ကြီးပွားချမ်းသာတာကို ကျွန်တော်တို့ မုဒိတာပွားရပါတယ်။ ဗီယက်နမ်စစ်ပွဲကာလမှာ တရားသောစစ်ဆင်နွှဲပြီး ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးကို စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်ခဲ့တဲ့ ဗီယက်နမ်ပြည်သူတွေကို ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေက စိတ်ဓာတ်ရေးရာအရ သောင်းသောင်းဖြဖြ အားပေးထောက်ခံခဲ့ကြတာ သမိုင်းမှာ အထင်အရှားပါပဲ"

"ဒါနဲ့ပြောရဦးမယ်၊ ဗီယက်နမ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုအရ သူတို့မှာလဲ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တွေ ရှိနေတယ်လို့ သတင်းတွေဖတ်ရတယ်။ တရုတ်ပြည်ကနေ ဗီယက်နမ် ပြည်နယ်တချို့အတွက် လျှပ်စစ်ဓာတ်အားတွေ ဝယ်ယူနေရတယ်သတင်းကို ဂျာနယ်တစ်စောင်မှာ တွေ့လိုက်ရတယ်။ မကြာသေးခင်ကပဲ ဗီယက်နမ်မှာ လျှပ်စစ်ဓာတ်အား အလွန်အမင်း လိုအပ်နေတာကြောင့် အချို့ဒေသတွေမှာ အလှည့်ကျ လျှပ်စစ်ဓာတ်အား ပေးနေရတယ်ဆိုတဲ့ သတင်းကိုလဲ ဖတ်လိုက်မိတယ်"

"မျက်မှောက်ခေတ်မှာ လျှပ်စစ်ဓာတ်အားနဲ့ စွမ်းအင်လိုအပ်ချက်ကတော့ အတိုင်းတိုင်းအပြည်ပြည်မှာပဲ လို့ ပြောရမှာဖြစ်တယ်။ အိန္ဒိယကလဲ တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးအတွက် ဘူတန်နိုင်ငံမှာ ရေအားလျှပ်စစ်စီမံကိန်းတွေ ရင်းနှီးမြှုပ်နှံပြီး သူ့နိုင်ငံကို သွယ်တန်းဖို့ လုပ်နေရတယ်"

"ကျွန်တော်တို့နိုင်ငံမှာလဲ လူနေမှုအဆင့်အတန်းတွေ မြင့်တက်လာမှု၊ စက်ရုံ အလုပ်ရုံတွေ များပြားလာမှုကြောင့် လျှပ်စစ်စွမ်းအား လိုအပ်ချက်တွေ ဖြစ်ပေါ်လာနေတယ်။ ဒါကို ပြည့်စုံလုံလောက်အောင် အမြန်ဖြည့်တင်းပေးနိုင်ဖို့အတွက် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေ အဆက်မပြတ် တည်ဆောက်ပေးနေတာ မျက်မြင်ထင်ရှားပါပဲ"

"ဒါတင်ဘယ်ကဦးမလဲဗျာ၊ နောင် လေးငါးဆယ်နှစ်အတွင်း မြန်မာနိုင်ငံရဲ့ ကြွယ်ဝတဲ့ ရေသယံဇာတကိုအသုံးချပြီး ပေါ်ထွန်းလာမယ့် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေကနေ ဒေသခံပြည်သူတွေ လျှပ်စစ်ဓာတ်အား အလျှံပယ်သုံးစွဲနိုင်ရုံမက ပြည်ပကို သွယ်တန်းရောင်းချနိုင်ဖို့အထိ ရည်ရွယ်ဆောင်ရွက်နေတာကိုလဲ လူတိုင်းသိရှိနေကြပါတယ်"

"လူတိုင်းသိရှိနေတယ်ဆိုလို့ပြောရဦးမယ်။အသိခေါက်ခက်အဝင်နက်ပြီး လူပြိန်းလိုလို၊ သူရဲကောင်းလိုလို လူတစ်စုရော၊ နိုင်ငံရေးဖြတ်စားလျှပ်စားလုပ်နေတဲ့ လူတစ်စုကရော မြန်မာနိုင်ငံမှာ ၂၄နာရီမီးလင်းရေးဆိုပြီး သခွတ်ပင်က မီးတကျည်ကျည်လုပ်နေတာ ဘာသဘောလဲဗျ"

"ပန်းကောင်းအညွှန့်ချိုး လုပ်နေတဲ့သဘောပဲဗျ။ ဒီနေရာမှာ ပုဂံခေတ် ရှင်ဒိသာပါမောက်ရဲ့စကားကို မှတ်မိသမျှ ကိုးကားဖော်ပြလိုတယ်။ 'ဥယျာဉ်စိုက်သော ယောကျာ်းကောင်းသည် အညွှန့်ကိုမဆိတ်၊ အသီးအပွင့်ကိုရှုးဆွတ်၏' ဆိုတဲ့ စကားဥပမာလေးပါပဲ"

"ဟိုတလောက သတင်းစာထဲမှာဖတ်လိုက်ရတဲ့ ဆောင်းပါးတစ်ပုဒ်က ဆိုလိုချက်ကလေးကိုလဲ ပြန်အမှတ်ရမိတယ်။ 'ဘယ်သူမှ ကိုယ့်အိမ်ကိုကိုယ် မီးတင်မရှို့ဘူး၊ မီးတင်ရှို့ရင်လဲ အဲဒီ့လူဟာ ရူးနေလို့ပဲဖြစ်မယ်'တဲ့"

"ဟုတ်လိုက်လေဗျာ၊နိုင်ငံရေးအရူးချေးပန်းတွေရဲ့လုပ်ရပ်ကတကယ့်ကိုသြချဖို့ကောင်းတယ်။ ပြည်တွင်းက နိုင်ငံရေးလူပြိန်းတွေက ၂၄နာရီမီးလင်းရေးဆိုပြီး ဆူပူလှုံ့ဆော်ချင်ကြတယ်။ ပြည်ပရောက် နိုင်ငံရေးသူငယ်နှပ်စား ပြည်ပြေးတွေက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထမံသီရေအားလျှပ်စစ်စီမံကိန်းကြီးတွေ၊ တာဆန်းတို့၊ ဟတ်ကြီးတို့လို စီမံကိန်းကြီးတွေ တည်ဆောက်တော့မယ်ဆိုတာနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမယ်ဆိုပြီး မတန်မရာ မဆီမလျော်တဲ့စကားလုံးတွေသုံးပြီး ပြည်ပမှာကန့်ကွက်ဆန္ဒပြနေကြသတဲ့"

"ကောင်းပါပေရဲ့ဗျာ၊ ပြည်တွင်းကအဖျက်သမားတွေက ၂၄နာရီမီးလင်းရေးတဲ့။ ပြည်ပရောက် ပြည်ပြေးအဖျက်သမားတွေက လျှပ်စစ်ဓာတ်အားစီမံကိန်းတွေ မတည်ဆောက်ရေးတဲ့။ တော်ရုံတန်ရုံလူဆို အဲဒီပြည်တွင်းပြည်ပ အဖျက်သမားတွေကြောင့် မျက်စိလည် လမ်းမှားလောက်တယ်"

"အဲဒါပဲဗျို့၊ သူတို့ပဲရွှေဉာဏ်တော်စူးရောက်ပြီး မြန်မာနိုင်ငံအပေါ် ဝိုင်းဝန်းပိတ်ဆို့ရေးကို တောင်းဆိုခဲ့ကြတယ်။ အဲဒီဝိုင်းဝန်းပိတ်ဆို့မှုကြောင့် သက်ရောက်လာတဲ့ အခိုက်အတန့်လိုအပ်ချက် အခက်အခဲကို အခွင့်ကောင်းယူ လက်ညှိုးထိုးပြီး အစိုးရအပေါ် အပြစ်ပုံချနေကြတာ မလွန်လွန်းဘူးလား"

"ဟုတ်တယ်ဗျ၊ မြန်မာနိုင်ငံအပေါ် ဝိုင်းဝန်းပိတ်ဆို့ရေးဆိုတာကို အာသာငမ်းငမ်းနဲ့ စွဲလမ်းနေတဲ့ ပြည်ပရောက်အဖျက်သမားတွေက သူတို့ရဲ့အပြစ်ကို အခြားသူအပြစ်ဖြစ်အောင် လှည့်စားလက်ညိုးထိုးနေကြတာ မလွန်လွန်းဘူးလား"

"ဘုန်းကြီးရှူးနဲ့ လေ့လူးဆိုတာ အဲဒါပဲဗျ၊ ဒါကြောင့် ကျွန်တော်တို့စကားဝိုင်းကို မိုက်ကယ်ဒေါ့ဟစ်ဂင်ဆင်ရဲ့ သုံးသပ်ချက်နဲ့ အနားသပ်ရရင် မကောင်းဘူးလား"

"ဆိုစမ်းပါဦးဗျာ"

"ဒီလိုဗျ၊ **'ယခုအချိန်ကာလတွင် အုပ်စုအချင်းချင်းကွဲနေပြီး အခြေအနေနှင့် အနေအထားကိုလည်းမသိ၊ အတွေ့အကြုံလည်းလုံးဝမရှိသည့်NLDက နိုင်ငံကိုအုပ်စိုးရန်ကြိုးပမ်းနေခြင်းသည် လွန်စွာပင် စိတ်တုန်လှုပ်ချောက်ချားစေသည့် ကြောက်မက်ဖွယ်ရာကောင်းသော ဖြစ်ရပ်တစ်ခုဖြစ်ပါသတည်း'** တဲ့"

# တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ဂုဏ်ပြုဆုရမန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အား ကြိုဆို၊ အောင်မြင်(UPVC) ပိုက်စက်ရုံဖွင့်ပွဲတက်ရောက်

နေပြည်တော် မေ ၁၆

**မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(၁၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ၂၀၀၆ ခုနှစ်အတွက် လုပ်ရှားမှုထူးချွန်ဆု ပထမ၊ အကောင်းဆုံးစာတမ်းဆု တတိယနှင့် ပတ်ဝန်းကျင်ကျန်းမာရေး အကောင်းဆုံးဆုရရှိခဲ့ပြီး ဆုတံဆိပ်များနှင့်အတူ တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များသည် မေ ၆ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။**

မေ ၈ရက် နံနက် ၉ နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၌ ကျင်းပသည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏အောင်မြင် (UPVC)ပိုက်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာများပက်ဖျန်းစေပြီး တာဝန်ရှိသူများနှင့်အတူ ပိုက်စက်ရုံအတွင်း (UPVC) ပိုက် ထုတ်လုပ်နေမှုလုပ်ငန်း အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးက (UPVC) ပိုက်စက်များ တပ်ဆင်လည်ပတ်ဆောင်ရွက်ပေးသော ပညာရှင်များအား ဂုဏ်ပြုလက်ဆောင် သစ်သီးခြင်း ပေးအပ်ပြီးနောက် ပိုက်များထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းများ သိုလှောင်ထားရှိမှုနှင့် (UPVC) ပိုက်များ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အောင်မြင် (UPVC) ပိုက်စက်ရုံမှ ပိုက်အရွယ်အစား ကိုးမျိုးထုတ်လုပ်၍ တစ်နာရီလျှင် ၅ ဒသမ ၂၈ တန် ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အင်္ဂလိပ်-မြန်မာ အထူးသင်တန်းအောင် သင်တန်းသားများအား ဂုဏ်ပြုလက်မှတ်ပေးအပ်

**ရန်ကုန် မေ ၁၆**

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးက ကြီးမှူးဖွင့်လှစ်သည့် တတိယအကြိမ် ယဉ်ကျေးလိမ္မာ အင်္ဂလိပ်-မြန်မာ အထူးသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသားများအား ဂုဏ်ပြုလက်မှတ် ပေးအပ်ပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီတွင် အဆိုပါ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး တာမွေမြို့နယ် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြကာ ဩဝါဒကထာ နာယူကြသည်။

ယင်းနောက် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဂေါပကအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(အငြိမ်းစား)နှင့် ဂေါပကအဖွဲ့ဝင်များကသင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** သင်တန်းသားများကိုယ်စား သင်တန်းသူ မငြိမ်းချမ်းဖြိုးနွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကိုဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းကို ဧပြီ ၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၃၇ဦး တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မေ ၁၆**

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နယ်စပ်ဒေသနှင့် တောင်တန်းဒေသသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ရဟန်းတော်များ၏ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံပညာပေး သင်တန်း အမှတ်စဉ်(၉) ဆင်းပွဲအခမ်းအနားကို မေ ၁၅ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ကျင်းပသည်။

### တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတတို့အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် သင်တန်းသား ရဟန်းတော်များ ကြွရောက်တော်မူကြပြီးတိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### သီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ(၁)နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် သင်တန်းဆင်း လက်မှတ်များကို ဆက်ကပ်စဉ်။**

(သတင်းစဉ်)

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက ဩဝါဒကထာမြွက်ကြားတော်မူသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်က သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီးဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### ဆက်ကပ်

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား ရဟန်းတော်များအား ဆက်ကပ်ရာ သင်တန်းသား ရဟန်းတော်များကိုယ်စား သင်တန်းသားအမှတ်စဉ်(၁) အရှင်ဣန္ဒောဘာသက လက်ခံတော်မူသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်က သင်တန်းနည်းပြဆရာများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ရာ သင်တန်းနည်းပြဆရာများ ကိုယ်စား တိုင်းရင်းဆေးမှူး ဦးသက်လွင်က လက်ခံပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း ပထမနှစ် သင်တန်းသား ရဟန်းတော် ၁၆ပါးနှင့် စတုတ္ထနှစ် သင်တန်းသား ရဟန်းတော် ၇၆ ပါး စုစုပေါင်း ရဟန်းတော် ၉၂ ပါးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနိ နှစ်ထပ်သိမ်တော်ကြီး၏ နံရံကြွေပြားကပ်ခြင်း၊ ကြမ်းခင်းကျောက်ပြားခင်းခြင်း၊ လျှပ်စစ်ပန်းခိုင်များ တပ်ဆင်မှုလုပ်ငန်းများအတွက် အလှူငွေကျပ်တစ်သိန်းကို မေ ၁၂ရက်က (ဈ)ရပ်ကွက်၊ မဓာဝီလမ်းနေ အစ်ကိုကြီး ဦးဇော်ဝင်းအား အမှူးထား၍ ဒေါ်ဌေးဌေးမိသားစုက ဦးဆောင်နာယက၊ ရတနာဇေယျာကျောင်း ဆရာတော်ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘချို၊ အတွင်းရေးမှူး ဦးကျော်တင့်တို့ လက်ခံရယူစဉ်။**

(က-ပ)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မေ ၁၃ရက်တွင် မြို့သစ်ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာကြည့်တိုက်ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအကြောင်း ဟောပြောပွဲ နှင့် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွှန့်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ်ပြန်/ဆက်)

သင့် သွေးဖြင့် အသက် ကယ်ပါ

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၇-၅-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ မြန်မာသံစဉ်ချိုနားဝင် |
| ၅:၃၀ | ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၅:၃၅ | ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၅:၄၀ | ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၃။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၄။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၅၀ | ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇:၀၀ | ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၁၇)** |
| ၈:၀၀ | ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ ကုန်သွယ်သုတ |
| | ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၂၇)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

# ၂၀၀၆-၂၀၀၇ ပရီမီယာလိဂ် ဘောလုံးရာသီ နိဂုံးရလဒ်များ

၂၀၀၆-၂၀၀၇ ပရီမီယာလိဂ် ဘောလုံးရာသီသည် ပြီးခဲ့သည့်တနင်္ဂနွေနေ့က ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

ရလဒ်ကောင်းသည့်အသင်းများ၊ ရလဒ်မကောင်းသည့်အသင်းများ၊ ပရီမီယာလိဂ်သို့ တန်းတက်လာသည့် အသင်းများ၊ ပရီမီယာလိဂ်မှ တန်းဆင်းသွားရသော အသင်းများ၊ အသင်းရလဒ်မကောင်း၍ အသင်းမှ နှုတ်ဆက်ထွက်ခွာသွားရသူ မန်နေဂျာ၊ ချန်ပီယံလိဂ်နှင့် ယူအီးအက်ဖ်အေပြိုင်ပွဲ ဝင်ခွင့်ရသည့် အသင်းများ စသည်စသည်ဖြင့် ကြည်နူးဖွယ်၊ ကြေကွဲဖွယ်ဖြစ်ရပ်များ ဖြစ်ခဲ့ရသည်။

မည်သို့ဆိုစေ ကုန်လွန်ခဲ့ပြီဖြစ်သည့် ပရီမီယာလိဂ်ဘောလုံးရာသီတွင် အောင်မြင်မှု တံခွန်အမြင့်မားဆုံး လွှင့်ထူနိုင်ခဲ့သောအသင်းမှာ အငြင်းပွားဖွယ်မရှိသည့် ပရီမီယာလိဂ်ချန်ပီယံ မန်ချက်စတာယူနိုက်တက် အသင်းပင် ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် မကုန်မီမှာပင် ချန်ပီယံဘွဲ့ကို ကြိုတင် ဆွတ်ခူးနိုင်ခဲ့ရာ သုံးနှစ်ဆက်ချန်ပီယံဖြစ်ရေး ချယ်လ်ဆီးမန်နေဂျာ မော်ရင်ဟို၏အိပ်မက်ကို ပျက်ပြယ်စေခဲ့သည်။ ပရီမီယာလိဂ် စီးချင်းထိုးပွဲတွင် မော်ရင်ဟိုသည် အတွေ့အကြုံနှင့် ပရိယာယ်ကြွယ်သူ မန်ယူဂုရုကြီး ဖာဂူဆန်ကို မယှဉ်သာဘဲ ရှုံးနိမ့်ခဲ့ရသည်။

မန်ယူနှင့် ချယ်လ်ဆီး အသင်းချင်းယှဉ်ရာတွင် မန်ယူက ပရီမီယာသရဖူ ဆွတ်ခူးရယူခဲ့သည့် နည်းတူ နည်းပြချင်းယှဉ်ရာ၌လည်း တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ဆာအဲလက်ဖာဂူဆန် ကပင် ဆွတ်ခူးသွားပြန်သည်။

ထို့အတူ ပရီမီယာ၏ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ရာသီတစ်လျှောက်လုံး ထူးချွန်ခြေစွမ်းထက်စွာ ကစားသွားသူ မန်ယူမှ စီရော်နယ်ဒိုက ရရှိသွားသည်။

ပရီမီယာလိဂ်ပွဲစဉ်တစ်လျှောက် ဂိုးအများဆုံးသွင်းသူဆုကိုမူ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက စုစုပေါင်း ဂိုး ၂၀ဖြင့် ရယူသွားသည်။ မန်ယူမှ စီရော်နယ်ဒိုနှင့် ဘလက်ဘန်းမှ မက္ကာသီတို့က စုစုပေါင်း ၁၇ဂိုးစီဖြင့် ဒုတိယနေရာ ရရှိကြသည်။

ချန်ပီယံလိဂ်ဝင်ခွင့်ရသည့် အသင်းလေးသင်းအဖြစ် မန်ချက်စတာယူနိုက်တက်၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် အာဆင်နယ်တို့ရရှိကြပြီး ယူအီးအက်ဖ်အေဖလားပွဲ ယှဉ်ပြိုင်ခွင့်ကို တော့တင်ဟမ်၊ အဲဗာတန်နှင့် ဘော်လ်တန်တို့ ရရှိခဲ့ကြသည်။

၂၀၀၆-၂၀၀၇ ပရီမီယာလိဂ်ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ရှက်ဖီးယူနိုက်တက်အသင်း၊ ချာလ်တန်အသင်းနှင့် ဝပ်ဖို့ဒ်အသင်းတို့မှာ တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။

ပရီမီယာလိဂ်သည် ယှဉ်ပြိုင်မှုပြင်းထန်သောပြိုင်ပွဲဖြစ်သည်။ နည်းပြအချင်းချင်း၊ အသင်းအချင်းချင်း၊ ကစားသမားချင်း၊ အားပေးသူပရိသတ်ချင်း ယှဉ်ပြိုင်ကြသည်။ ဘောလုံးသမားများနှင့် နည်းပြတို့မှာလည်း ဘောလုံးရာသီကာလ ထူးချွန်မှု၊ ထင်ပေါ်မှု၊ အောင်မြင်မှုတို့အပေါ် မူတည်၍ အခွင့်အရေး၊ အခွင့်အလမ်းရရှိကြသော်လည်း ရလဒ်မကောင်းလျှင်မူ အသင်းကို စွန့်ခွာသွားရဖို့သာ များပေတော့သည်။

အနားယူတော့မည်ဟုဆိုခဲ့သူ မန်ယူနည်းပြကြီးဖာဂူဆန်သည် ရလဒ်ကောင်းရသဖြင့် မန်ယူကို ဆက်လက်ဦးဆောင်သွားဦးမည်မှာသေချာသော်လည်း ချန်ပီယံလိဂ်နှင့် ပရီမီယာလိဂ်၌ ရလဒ်မကောင်းခဲ့သူ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုမှာမူ လမ်းဆုံလမ်းခွသို့ရောက်နေသည်။ အက်ဖ်အေဖလားက မော်ရင်ဟို အတွက် အသက်ရှူပေါက်များဖြစ်နေလေမလား။ ။

**သတင်းမှတ်တမ်း-ဇာနည်ဦး**

**မန်ယူနည်းပြ အိုးထရက်ဖို့ဒ်မှ ဘောလုံးဂုရုကြီး ဆာအဲလက် ဖာဂူဆန်** (အောက်ဝဲပုံ)**နှင့် သုံးနှစ်ဆက်တိုက် ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး အိပ်မက် ပျက်ပြယ်ခဲ့ရသူ ချယ်လ်ဆီးအသင်း၏ မန်နေဂျာ မော်ရင်ဟို** (အောက်ပုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၅-၂၀၀၇ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | "ငါ"ဖြုတ်ရမည့်တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ) |
| ၇:၅၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "အမေနှင့်သမီးများ" |
| ၈:၃၀ | တေးဂီတအစီအစဉ် |
| ၈:၃၅ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၈:၅၀ | တေးဂီတအစီအစဉ် |
| ၈:၅၅ | ပြည်သူ့အတွက် EMS |
| ၉:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၁၅ | ပြည်တွင်းအနုပညာရေးရာ |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | စင်မြင့်ပေါ်မှဒီပလိုမာ နက္ခတ်ဗေဒင်ပညာ |
| ၁၀:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၁၅ | Teens Star (J-Me နှင့် တွေ့ဆုံခြင်း) |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | မြက်ခင်းတုနှင့် အားကစားဟော်ကီ |
| ၁၁:၀၀ | တေးဂီတအစီအစဉ် |
| ၁၁:၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၀ | ခြေထောက်သွေးလွှတ်ကြောကျဉ်းရောဂါ(အပိုင်း-၂) (ပါမောက္ခ ဒေါက်တာ ခင်မောင်အေး) |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | Yangon Panorama (Performance of Indonesiam) |
| ၁၁:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | ရွှေကျင်မြို့မှ ရှောက်သီးထွက်ကုန်လုပ်ငန်း |
| ၁၂:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၁၀ | ချည်ခင်ချည်မျှင်ပိတ်စအသွင် |
| ၁၂:၄၀ | တေးဂီတအစီအစဉ် |
| ၁၂:၄၅ | ကုသမနေ့းတီဘီဘေး (ရာဇာနေဝင်း၊သုမောင်၊ ညီရော်၊မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး) |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့် သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## အင်တာနက်အားကစားသတင်းများ

# ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲတွင် ကီဝဲလ်ကစားနိုင်အောင် ကျန်းမာရေးကောင်းမည်လော

**လီဗာပူး(အင်္ဂလန်) မေ ၁၆**

ယခုသီတင်းပတ်၌ လီဗာပူးအသင်းသည် ချန်ပီယံလိဂ် ဗိုလ်လုပွဲအတွက် လေ့ကျင့်မှုများကို စပိန်တွင်ပြုလုပ်မည်ဖြစ်သည်။ ထိုအခါ ဟာရီကီဝဲလ်အနေဖြင့် ဗိုလ်လုပွဲ၌ကစားနိုင်လောက်အောင် အခြေအနေကောင်း မကောင်း သိရှိနိုင်ခွင့် ရမည်ဖြစ်သည်။

လီဗာပူးအသင်းသည် နောက်ဆုံးဗိုလ်လုပွဲကို မေ၂၃ရက်တွင် အေသင်မြို့၌ အေစီမီလန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

ကီဝဲလ်သည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားပွဲပြီးကတည်းက ဒဏ်ရာရထားသဖြင့် ဘောပွဲများကို မကစားနိုင်ဘဲရှိခဲ့သည်။ ပြီးခဲ့သည့် ပရီမီယာလိဂ်ဖလားပွဲနှစ်ပွဲ ကစားစဉ်ကလည်း ၎င်းသည် လူစားဝင်ကစားရသည့် ဘောသမားအဖြစ်သာ ပါဝင်ခဲ့ရသည်။

မေ ၁၃ရက်က ကစားသောပွဲ၌ ဟာရီကီဝဲလ်ကောင်းစွာကစားနိုင်ခဲ့သဖြင့် ယခုအခါ ၎င်းတကယ်တမ်းကစားနိုင်လောက်အောင် ဒဏ်ရာသက်သာလာခြင်း ရှိ၊မရှိ မိမိတို့ အဆုံးအဖြတ်ပေးရတော့မည့်အချိန်ကျပြီဟု အသင်းမန်နေဂျာ ရာဖာရယ်ဘင်နီတက်စ်က သတင်းထောက်များကို ပြောကြားသည်။

ချာလ်တန်အသင်းနှင့် တနင်္ဂနွေနေ့တွင် ကစားစဉ်က ချေပဂိုးသွင်းကာ အစွမ်းပြခဲ့သော ကီဝဲလ်ကို အသင်းမန်နေဂျာက အားရခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်အချိန် လီဗာပူးအသင်း အေစီမီလန်နှင့် ကစားစဉ်က ကီဝဲလ်ပါဝင်ကစားကာ ခြေစွမ်းပြခဲ့သည်။ မကြာမီရက်ပိုင်းအတွင်း ကစားမည့် ချန်ပီယံလိဂ်ဖလားပွဲ၌လည်း ထိုစဉ်ကကဲ့သို့ပင် ၎င်းအစွမ်းပြရန် မျှော်လင့်ထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**စတီဗင်ဂျာရတ်၏ အားကြိုးမာန်တက် ကစားဟန်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အက်ဖ်အေဖလား ဗိုလ်လုပွဲနီးကပ်ချိန် ချယ်လ်ဆီးအသင်းမန်နေဂျာ မော်ရင်ဟို အဖမ်းခံရ

**လန်ဒန် မေ ၁၆**

အိမ်တွင်မွေးမြူထားသော ခွေးနှင့်ပတ်သက်၍ စကားများသည့်အတွက် ချယ်လ်ဆီးဘောလုံးအသင်းမန်နေဂျာ ဟိုဆေးမော်ရင်ဟိုကို ရဲတပ်ဖွဲ့က ယနေ့ ဖမ်းဆီးလိုက်သည်။

အသက် (၄၄)နှစ်ရှိပြီဖြစ်သည့် ပေါ်တူဂီအမျိုးသား မော်ရင်ဟို၏ လန်ဒန်မြို့လယ်ရှိအိမ်ကို တိရစ္ဆာန်ကျန်းမာရေးအရာရှိများ အင်္ဂါနေ့တွင်ရောက်ရှိလာပြီး ၎င်းမွေးထားသောခွေးကို ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရေးအတွက် ခေါ်ဆောင်သွားရန် ကြိုးစားသည်ဟု သည်ဆန်း(သူရိယ)သတင်းစာက ရေးသားသည်။

အဆိုပါကိစ္စတွင် မော်ရင်ဟိုက ၎င်း၏ခွေးကို ခေါ်ဆောင်သွားခွင့်မပြုသဖြင့် ရဲတပ်ဖွဲ့က ၎င်းကို ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ၎င်း၏ခွေးကို အင်္ဂလန်မှ ပြည်ပနိုင်ငံသို့ ခေါ်သွားပြီး ဆေးစစ်မခံဘဲ ပြည်တွင်းသို့ ပြန်ခေါ်ယူလာသည့်အတွက် ဖမ်းဆီးခြင်းဖြစ်သည်ဟု ဆိုသည်။

မော်ရင်ဟို တာဝန်ယူထားရသော ချယ်လ်ဆီးအသင်းသည် လာမည့် စနေနေ့တွင် အက်ဖ်အေဖလားဗိုလ်လုပွဲအဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ရှိနေသည်။ ***အင်တာနက်။***

# လီဗာပူးမှ အလယ်တန်းလူ ဂျာရတ် ဆက်လက်ကစားရန် စာချုပ်သက်တမ်းတိုးလို

**လီဗာပူး(အင်္ဂလန်) မေ ၁၆**

စာချုပ်စာတမ်းချုပ်ဆိုရေးနှင့်ပတ်သက်၍ ကလပ်အသင်းက အဆင်သင့်ဖြစ်သောအချိန်တွင် မိမိအနေဖြင့် လီဗာပူးအသင်းတွင် ဆက်လက်ကစားရန် နောက်ထပ်သက်တမ်းလေးနှစ် စာချုပ်ချုပ်ဆိုသွားရန်ရှိကြောင်း စတီဗင်ဂျာရတ်က ပြောကြားသည်။

လီဗာပူးအသင်းသည် လာမည့် သီတင်းတစ်ပတ်အကြာတွင် အေသင်မြို့၌ အေစီမီလန်အသင်းနှင့် ချန်ပီယံလိဂ်ဖလားနောက်ဆုံးဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားရန် ရှိသည်။ အလယ်တန်းလူ ဂျာရတ်အနေဖြင့် ထိုဗိုလ်လုပွဲမကစားမီအသင်းနှင့် သက်တမ်းတိုးသည့်စာချုပ် ချုပ်ဆိုနိုင်လိမ့်မည်ဟု ၎င်းက မျှော်လင့်သည်။

မိမိအနေဖြင့် စာချုပ်ချုပ်ဆိုသွားရန် အဆင်သင့်ရှိကြောင်း အသင်းသို့ အသိပေးပြီးဖြစ်၍ နောက်ပိုင်းဆက်လုပ်ရန် အပိုင်းသည် အသင်း၏တာဝန်သာ ဖြစ်သည်ဟု မေ ၁၅တွင် ဂျာရတ်က ပြောကြားသည်။

ယခုအခါ မိမိအသက်မှာ(၂၇)နှစ်သာရှိသေးသဖြင့် နှစ်ရှည်စာချုပ်ချုပ်ဆိုကာ ကစားနိုင်သည့် အခြေအနေရှိနေသေးကြောင်း ၎င်းကပြောကြားသည်။ ဂျာရတ်အနေဖြင့် လီဗာပူးအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်မှာ ကုန်ဆုံးရန် နှစ်နှစ်လိုနေသေးကြောင်း သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်း အာရှကလပ်များ ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၁၆

**ဇွန် ၁ရက်မှ ၈ရက်အထိ ဘာရိန်းနိုင်ငံတွင်ကျင်းပမည့် အာရှကလပ်များ အမျိုးသား ဘော်လီဘော ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။**

ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဘော်လီဘော အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသိန်းဝင်း (ဒုတိယဥက္ကဋ္ဌ၊ ဘော်လီဘောအဖွဲ့ချုပ်)၊ နည်းပြချုပ်အဖြစ် ဦးမျိုးမြင့်၊ လက်ထောက်နည်းပြအဖြစ် ဦးညီညီလွင်၊ ကစားသမားများအဖြစ် ရဲမင်းအောင် (အသင်းခေါင်းဆောင်)၊ ကျော်ဇင်ဝင်းထွဋ်၊ စံရွှေမောင်၊ ကျော်စိုးအောင်၊ ကျော်ရွှေ၊ စိုင်းညီလေး၊ အောင်မြတ်ထွန်း (လစ်ဗရို)၊ နေလင်းအောင်၊ ရဲရင့်ထွန်းနှင့် ဇော်လင်းဦးတို့ ပါဝင်ကြသည်။

အာရှကလပ် ဘော်လီဘောပြိုင်ပွဲသို့ အသင်း ၁၂ သင်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုနှစ်ခုခွဲထားရာ (က)အုပ်စုတွင် ကာတာ၊ ဥဇ္ဗဘက်ကစ္စတန်၊ ဂျပန်၊ အိမ်ရှင်ဘာရိန်း၊ အင်ဒိုနီးရှား၊ ထိုင်း၊ (ခ)အုပ်စုတွင် မြန်မာ၊ အီရန်၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကာဇက်စတန်နှင့် တရုတ်တို့ပါဝင်ကြသည်။ မြန်မာအသင်းသည် ဇွန် ၁ ရက်တွင် တရုတ်၊ ၂ရက်တွင် အီရန်၊ ၃ရက်တွင် ဆော်ဒီအာရေဗျ၊ ၄ရက်တွင် ယူအေအီးနှင့် ၅ရက်တွင် ကာဇက်စတန်တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယမန်နှစ်ပြိုင်ပွဲတွင် အီရန်ကလပ်က ပထမ၊ ကာဇက်စတန်ကလပ်က ဒုတိယနှင့် အင်ဒိုနီးရှားကလပ်က တတိယ ရရှိခဲ့ကြသည်။

(ကြေးမုံ)

ဘာရိန်းနိုင်ငံတွင် ကျင်းပမည့် အာရှကလပ်များ ဘော်လီဘော ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းကို တွေ့ရစဉ်။

(ကြေးမုံ)

# ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေးဆု ရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၁၆

**ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ပညာသင်ထောက်ပံ့ကြေးဆု ရွေးချယ်ရေးကော်မတီက ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွင်း ပထမနှစ်သင်တန်းအသီးသီး၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအနက် ပထမနှစ်မှ ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးဆုချီးမြှင့်ရန် ရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူအမည်စာရင်းအား ယနေ့ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

ပညာသင် ထောက်ပံ့ကြေး အဖြစ် လစဉ်ချီးမြှင့်မည့်နှုန်းထားမှာ ဆေးတက္ကသိုလ်များမှ ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ အစိုးရ နည်းပညာကောလိပ်များနှင့် စီးပွားရေး တက္ကသိုလ်များမှ ကျောင်းသား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀၊ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်သင် တက္ကသိုလ်များ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေး ရရှိသည့် ကျောင်းသားကျောင်းသူများမှာ ဆေးတက္ကသိုလ်များ စာရင်းတွင် မောင်ပြည့်ဖြိုးလင်း၊ မခြူးမြတ်သွယ်၊ မသော်တာလွင်၊ မဝင့်ဝါထက်ထက်အောင်၊ မဝင်းအိခိုင်၊ မောင်ဘုန်းပြည့်ဝင်း၊ မောင်ကျော်စိုးလွင်၊ မစန္ဒီတင်ရွှေ၊ မရွှန်းလဲ့နေခြည်၊ မောင်ကောင်းမြတ်သူ၊ မောင်စိုးနောင်နောင်၊ မောင်မိုးမြင့်မြတ်၊ မခင်လျှံမှူး၊ မောင်အောင်စည်ဟိန်း၊ မအေးစန္ဒာထွန်း၊ အစိုးရ နည်းပညာ ကောလိပ်များ စာရင်းတွင် မဇာနည်ရှိန်၊ မမေသဥ္ဇာမြင့်၊ မဆုမြတ်နန္ဒာ၊ မောင်မိုးဟန်သစ်၊ မောင်ဇော်ရဲထွဋ်၊ စီးပွားရေး တက္ကသိုလ်များ စာရင်းတွင် မတင်မေလွင်၊ မသန္တာ၊ မောင်သီဟအောင်၊ မောင်မင်းမင်းထွန်း၊ မအိသန္တာဖြိုး၊ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်သင် တက္ကသိုလ်များ စာရင်းတွင် မသက်ထက်မြတ်နိုး၊ မမေစုစံကို၊ မလင်းလင်းစုကြည်၊ မောင်ဆန်းဝင်း၊ မနွေးနွေးစံ၊ မပွင့်သဉ္ဇာထွန်း၊ မောင်မောင်လွင်၊ မထက်ထက်နိုင်၊ မနန်းယိမ်းလောဝ်ဟိန်း၊ မောင်သန်းနိုင်၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စာရင်းတွင် မသွယ်ခိုင်စိုး၊ မဝါဝါဝင်းဟန်၊ မသက်စုထား၊ မသဲစုအေး၊ မရွှေသဇင်လင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စာရင်းတွင် မစုမြတ်နိုး၊ မသီရိသဉ္ဇာဟန်၊ မောင်အောင်ပိုင်ကျော်တို့ ပါဝင်ကြသည်။

ပညာသင် ထောက်ပံ့ကြေးဆု ရရှိကြသူများသည် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်(သို့) မော်ကွန်းထိန်း၏ ထောက်ခံချက်မူရင်းဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ် လီမိတက် (ရုံးချုပ်) အမှတ်(၁၆၅/၁၆၇) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၂၄၂၊ ၃၈၀၂၄၅ တို့သို့ ထောက်ပံ့ကြေးများ ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၂၇-၄-၀၇)နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)တွင် ပါရှိသည့် ဒေါက်တာဒေါ်မူယာလွမ်း၏ တရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမြင့်ဝေ၏ ဒေါက်တာဦးနီကိုဂနီဆန် [၁၂/ လမန(နိုင်)ဝ၄၉၄၄၂]နှင့် အများသိစေရန်ကြော်ငြာနှင့် အများသိစေရန် ကြေညာချက် နှစ်ရပ်အပေါ် အများသိစေရန် ပြန်လည်ကြေညာချက်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အထက်လမ်းမကြီး၊ အိမ်အမှတ်-၅၆ တွင် နေထိုင်သူ ဒေါ်အင်ဒီယာ(ခ)ဒေါ်စန္ဒာအေး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၀/မလမ(နိုင်)၁၄၃၂၈၈]ကို ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဤပြန်လည်ကြေညာချက်ကို အများသိစေရန် အောက်ပါအတိုင်း ကြေညာပါသည်။

၁။ ဒေါက်တာဒေါ်မူယာလွမ်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၀/မလမ(နိုင်)၀၀၁၀၆၅]ကို ကိုင်ဆောင်သူသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အထက်လမ်းမကြီး၊ အိမ်အမှတ်-၅၆တွင် နေထိုင်သူမဟုတ်ပါ။

ဒေါက်တာဒေါ်မူယာလွမ်းသည် ၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံသူဖြစ်ခွင့် မဲပေါက်ခဲ့၍ ၂၀၀၂ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ထွက်ခွာသွားပြီး ထိုစဉ်ကတည်းက အမေရိကန်နိုင်ငံတွင် Green Card ကို ကိုင်ဆောင်၍ အမေရိကန်နိုင်ငံ တက်ဆက်ပြည်နယ် ဒါးလပ်စ်မြို့တွင် ခင်ပွန်းဖြစ်သူ မစ္စတာဒေးလ်ပီလေး၊ သမီးဖြစ်သူ မရီနာပီလေးတို့နှင့်အတူ နေထိုင်သူဖြစ်ပါသည်။

တရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမြင့်ဝေ၏ ကြေညာချက် အပိုဒ်(၁)ပါ မြေပိုင်မြေနှင့် အဆောက်အအုံ "မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အထက်လမ်းမကြီး၊ အိမ်အမှတ်-၅၆ ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံနှင့် ယင်းအဆောက်အအုံရှိရာ ဘိုးဘွားပိုင်မြေကွက်"မှာ ဒေါက်တာသူဇာလွမ်း၊ ဒေါက်တာမူယာလွမ်းနှင့် ဒေါက်တာဖြူပြာလွမ်း၏ အမွေဆိုင်ပစ္စည်းမဟုတ်ပါ။ သက်ရှိထင်ရှားရှိနေသော ၎င်းတို့၏ မိခင်ဖြစ်သူ ကျွန်ုပ်၏အမှုသည် ဒေါ်အင်ဒီယာ(ခ) ဒေါ်စန္ဒာအေး တစ်ဦးတည်းပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ ယင်းအပိုဒ်(၁)ပါ တယ်လီဖုန်းသုံးလုံး၊ (၂၁၁၀၆၊ ၂၁၄၀၆၊ ၂၆၇၉၆)တို့မှာလည်း အမွေဆိုင်ပစ္စည်းမဟုတ်ပါ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထံမှ ငှားရမ်းအသုံးပြုခွင့်ရရှိထားသည့် ဖုန်းများသာဖြစ်ပါသည်။

၂။ တရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမြင့်ဝေ၏ ကြေညာချက် အပိုဒ်(၂)ပါ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်-၁၁(စီ)နှင့် ၁၁(ဒီ) ခေါ်တွင်သော အဆောက်အအုံများနှင့် ယင်းအဆောက်အအုံများ တည်ရှိရာ ဂရန်မြေကွက်မှာ ဒေါ်အင်ဒီယာ(ခ)ဒေါ်စန္ဒာအေး တစ်ဦးတည်း တရားဝင်ပိုင်မြေကွက်နှင့် အဆောက်အအုံများဖြစ်ပြီး အမွေဆိုင်ပစ္စည်းများမဟုတ်ပါ။ ၁၁(စီ)ရှိ အခန်း(၄)ခန်းပါ အဆောက်အအုံနှင့် အဆောက်အအုံတည်ရှိရာ မြေကွက်ကို တရားဝင်အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ အမွေဆိုင်ပစ္စည်းမဟုတ်ပါ။ ၁၁(ဒီ) နှစ်ထပ်တိုက် လူနေအိမ်မှာလည်း မိခင် ဒေါ်အင်ဒီယာ(ခ) ဒေါ်စန္ဒာအေးနှင့် သမီးများဖြစ်သူ ဒေါက်တာသူဇာလွမ်း၊ ဒေါက်တာမူယာလွမ်းနှင့် ဒေါက်တာဖြူပြာလွမ်းတို့ ပူးတွဲပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းများမဟုတ်ပါ။ မိခင် ဒေါ်အင်ဒီယာ(ခ)ဒေါ်စန္ဒာအေး တစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်သည့် ပစ္စည်းများသာဖြစ်ပါသည်။ အမွေဆိုင်ပစ္စည်းမဟုတ်ပါ။

၃။ တရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမြင့်ဝေ၏ ကြေညာချက် အပိုဒ်(၃)ပါ မော်လမြိုင်မြို့၊ မန္တလေးရပ်၊ ဒေါက်တာလွမ်းသာ ဆေးကုခန်းတွင် တပ်ဆင်ထားသော တယ်လီဖုန်းအမှတ်(၂၂၂၃၇)သည် အမွေဆိုင်ပစ္စည်းမဟုတ်ပါ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းသုံးစွဲခွင့်ရထားသည့် ဖုန်းသာဖြစ်ပါသည်။

၄။ တရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမြင့်ဝေ၏ ကြေညာချက် အပိုဒ်(၄)ပါ မိုဘိုင်း(ဂျီအက်စ်အမ်) လက်ကိုင်ဖုန်းအမှတ်(၀၉၅၁၄၂၇၅၆)သည် အမွေဆိုင်ဖုန်းမဟုတ်ပါ။ ဒေါက်တာဖြူပြာလွမ်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ကျသင့်ငွေကို ပေးသွင်းပြီးမှ တရားဝင်ငှားရမ်းသုံးစွဲခွင့်ရရှိထားသည့် အမည်ပေါက်ဖုန်းဖြစ်ပါသည်။ အမွေဆိုင်ပစ္စည်းမဟုတ်ပါ။ ကွယ်လွန်သူ ဒေါက်တာလွမ်းသာ(ခ) ဦးအမ်ခူလမ်သာ(ခ) ဦးအောင်ဝင်းနှင့် ဒေါ်အင်ဒီယာ(ခ) ဒေါ်စန္ဒာအေးတို့၏ လက်ထက်ပွားပစ္စည်းမဟုတ်ပါ။

၅။ တရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမြင့်ဝေ၏ ကြေညာချက် အပိုဒ်(၅)ပါ မော်တော်ယာဉ်အမှတ် တိုယိုတာဗင် ၁ခ/၁၁၄၈ မော်တော်ယာဉ်မှာ ဒေါ်အင်ဒီယာ(ခ) ဒေါ်စန္ဒာအေး၏ အမည်ပေါက်ပိုင်ဆိုင်သည့် ကားဖြစ်ပါသည်။ အမွေဆိုင်ပစ္စည်းမဟုတ်ပါ။

ဂျစ်ကား မော်တော်ယာဉ်အမှတ် ၈ခ/၆၄၈၉ မော်တော်ယာဉ်မှာ ဒေါက်တာဖြူပြာလွမ်းမှ မိမိပိုင်ငွေဖြင့် တရားဝင်ဝယ်ယူလက်ရှိထားသည့် ဒေါက်တာဖြူပြာလွမ်းပိုင် မော်တော်ယာဉ်သာဖြစ်ပါသည်။ ကွယ်လွန်သူ ဒေါက်တာလွမ်းသာ(ခ) ဦးအမ်ခူလမ်သာ(ခ) ဦးအောင်ဝင်းနှင့် ဒေါ်အင်ဒီယာ(ခ) ဒေါ်စန္ဒာအေးတို့၏ လက်ထက်ပွားပစ္စည်းမဟုတ်ပါ။

၆။ တရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမြင့်ဝေ၏ ကြေညာချက် အပိုဒ်(၆)ပါ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ၊ အမှတ်-၇၇ အဆောက်အအုံ၏ အခန်းအမှတ် ၁(ဘီ) မြေညီထပ်မှာ မိခင်ဖြစ်သူ ဒေါ်အင်ဒီယာ(ခ)ဒေါ်စန္ဒာအေးမှ မြေးဖြစ်သူ သဲအင်ဒီယာလွမ်းအား မေတ္တာဖြင့် လက်ရောက်ပေးကမ်းပြီးသော တိုက်ခန်းဖြစ်ပါသည်။ အခန်းအမှတ် ၂(ဘီ) ပထမထပ်မှာ မိခင်ဖြစ်သူ ဒေါ်အင်ဒီယာ(ခ)ဒေါ်စန္ဒာအေးမှ သမီးအငယ်ဆုံးဖြစ်သူ ဒေါက်တာဖြူပြာလွမ်းသို့ မေတ္တာဖြင့် လက်ရောက်ပေးကမ်းပြီးသော တိုက်ခန်းဖြစ်ပါသည်။ အခန်းအမှတ်-၇(အေ)မှာ မိခင်ဖြစ်သူ ဒေါ်အင်ဒီယာ(ခ) ဒေါ်စန္ဒာအေး တစ်ဦးတည်းပိုင်ဆိုင်သော တိုက်ခန်းသာဖြစ်သည့်အတွက် အထက်ဖော်ပြပါတိုက်ခန်းသုံးခန်းစလုံးမှာ အမွေဆိုင်ပစ္စည်းများမဟုတ်ပါ။

သို့ပါ၍ ဒေါက်တာမူယာလွမ်း၏ တရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမြင့်ဝေ၏ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးရန် ဒေါ်အင်ဒီယာ(ခ)ဒေါ်စန္ဒာအေးမှ တောင်းဆိုပါသည်။ ထို့ပြင် ဒေါ်အင်ဒီယာ(ခ)ဒေါ်စန္ဒာအေးပိုင် ပစ္စည်းများနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ဒေါ်အင်ဒီယာ(ခ)ဒေါ်စန္ဒာအေး၏ တရားဝင်စာဖြင့် ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ ပြင်ဆင်မွမ်းမံခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ မလွဲမသွေ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း ပြန်လည်သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းစိန်**

**B.A (Law), LL. B, D.B.L, D.M.L တရားရုံးချုပ်ရှေ့နေ (စဉ်-၁၃၃၅)**

**အမှတ်-၉/၁၁၊အခန်း-၃၀၆၊လေးလွှာ၊၃၆လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲများပြီးစီး အကြိုဗိုလ်လုပွဲများ ဆက်လက်ကျင်းပမည်

**ရန်ကုန် မေ ၁၆**

၂၀၀၇ ခုနှစ် တတိယအကြိမ်မြောက် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားအုပ်စုနောက်ဆုံးပြိုင်ပွဲများကို ယနေ့ နံနက်၉နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

### အနိုင်ရရှိ

ယနေ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ကယားပြည်နယ်ကို ၇၆-၂၂ မှတ်၊ မန္တလေးတိုင်းက စစ်ကိုင်းတိုင်းကို ၄၉-၄၄မှတ်၊ ပဲခူးတိုင်းက ရခိုင်ပြည်နယ်ကို ၄၃-၂၂မှတ် တို့ဖြင့် အနိုင်ရရှိကြသည်။

အမျိုးသား အုပ်စု(က)၌ ရန်ကုန်တိုင်းက လေးပွဲကစား လေးပွဲနိုင် ရှုံးပွဲမရှိ အုပ်စုပထမ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)က လေးပွဲကစား သုံးပွဲနိုင် တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ ပဲခူးတိုင်းက သုံးပွဲကစား သုံးပွဲနိုင် ရှုံးပွဲမရှိဖြင့် အုပ်စုပထမ၊ မန္တလေးတိုင်းက သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ ရရှိကြသည်။

### အကြိုဗိုလ်လုပွဲ

အမျိုးသမီးပြိုင်ပွဲ အုပ်စု(က)၌ ရန်ကုန်တိုင်းက သုံးပွဲကစား သုံးပွဲနိုင် ရှုံးပွဲမရှိဖြင့် အုပ်စုပထမ၊ ပဲခူးတိုင်းက သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ စစ်ကိုင်းတိုင်းက သုံးပွဲကစား သုံးပွဲနိုင် ရှုံးပွဲမရှိဖြင့် အုပ်စုပထမ၊ မန္တလေးတိုင်းက သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံး အုပ်စုဒုတိယ အသီးသီးရရှိကြကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသား အကြိုဗိုလ်လုပွဲများတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပဲခူးတိုင်း၊ အမျိုးသမီး အကြိုဗိုလ်လုပွဲများတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

### ဆက်လက်ကျင်းပမည်

ပြိုင်ပွဲများကို မေ ၁၇ရက် နံနက်၉နာရီ၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။ (ကြေးမုံ)

# စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောမည်

**ရန်ကုန် မေ ၁၆**

ဝါဏိဇ္ဇတွဲ့ရများအသင်း(မြန်မာနိုင်ငံ) CGA အသင်းကြီးမှ ကြီးမှူး၍ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို မေ ၂၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် International Business Centre၌ကျင်းပမည်။ ပါမောက္ခ ဒေါ်လှမြင့်(ငြိမ်း) စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးတက္ကသိုလ်က Multi-Modal Transportation ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် အခမဲ့တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၂၉၁၆၆၇ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

# ထူးခြားမြစ်ရေ အခြေအနေ

**နေပြည်တော် မေ ၁၆**

ချင်းတွင်း မြစ်ရေသည် မြန်မာစံတော်ချိန် ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ခန္တီးမြို့၌ ၅၈၉ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ၂၅၀စင်တီမီတာ (ရှစ်ပေခန့်) တိုးလာသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်မှ ငါးရက်အတွင်း ဟုမ္မလင်းမြို့၌၂၁၀စင်တီမီတာ (ခုနစ်ပေခန့်)၊ မော်လိုက်မြို့နှင့် ကလေးဝ မြို့တို့ ၁၈၀ စင်တီမီတာ (ခြောက်ပေခန့်) နှင့် မုံရွာမြို့၌ ၃၀၀ စင်တီမီတာ (၁၀ပေခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

# အမေနှင့် သမီးများဇာတ်ကား ရုံတင်မည်

**ရန်ကုန် မေ ၁၆**

ယခုသောကြာပတ် မေ ၁၈ ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် **'အမေနှင့် သမီးများ'** ဇာတ်ကား ရုံတင်ပြသမည်ဖြစ်ပြီး ပြသဆဲ မြန်မာဇာတ်ကား **ကက်ကင်း**မှာ ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသမည်ဖြစ်သည်။

### အမေနှင့် သမီးများ

ဖြိုးနှင့်မင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီ (မော်လမြိုင်) ရိုက်ကူးသည့်**'အမေနှင့်သမီးများ'** ဇာတ်ကားမှာ ကွယ်လွန်သူ စာရေးဆရာ မောင်သိန်းဆိုင်၏ နာမည်ကြီးဝတ္ထုကို အကယ်ဒမီ သုံးထပ်ကွမ်း ငြိမ်းမင်းက ဇာတ်ညွှန်း ရေးဖွဲ့ထားသည်။

ဇာတ်လမ်းမှာ ငယ်ဘဝက ဖူးစာဆုံခွင့်မရခဲ့သည့် အမျိုးသားတစ်ဦး၏ တစ်ကျော့ပြန် မေတ္တာဇာတ်လမ်းဖြစ်သည်။

ငယ်ချစ်ဦးနှင့် လွဲခဲ့ရပြီး သမီးများ အရွယ်ရောက်ပြီးမှ မုဆိုးမဘဝနှင့် ချစ်သူဟောင်းကို ပြန်လည် ဆုံတွေ့ရသည့်အခါ သောကပွားရသည့် အကြောင်းများကို ရိုက်ကူးတင်ပြထားသည်။

ယခုသောကြာပတ်တွင် ရုံဝင်လာမည့် အမေနှင့် သမီးများ မြန်မာဇာတ်ကားသစ်မှ အကယ်ဒမီ ရန်အောင်နှင့် အကယ်ဒမီ စိုးမြတ်သူဇာတို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

### ပါဝင်ထား

အဆိုပါ ဇာတ်ကားတွင် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ အကယ်ဒမီ မေသဉ္ဇာဦး၊ သိင်္ဂီထွန်း၊ သက်မွန်မြင့်၊ စန္ဒီမြင့်လွင်၊ ဇာဇာမင်းထက်နှင့် ဧည့်သည်သရုပ်ဆောင် ဥက္ကာမင်းမောင်တို့ ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

### နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲ ဇာတ်ကားဖြစ်သည့် ဒါရိုက်တာ ZACK SNYDER ရိုက်ကူးသော '300' သမိုင်းနောက်ခံပြုစစ်ကား ပြသမည်ဖြစ်သည်။

(ကြေးမုံ)

# ဘာသာရေးကိုခုတုံးလုပ်ပြီး မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုများဖြစ်လာအောင် သွေးထိုးလှုံ့ဆော်နေသူများကို အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့အပ်နှံခဲ့

နေပြည်တော် မေ ၁၆

**၂၀၀၇ ခုနှစ် မေ ၁၅ ရက် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘူတာရုံလမ်း ကားဂိတ်၌ ဘာသာရေးကိုအကြောင်းပြုပြီး ဆူပူလှုပ်ရှားမှုများဖြစ်အောင် အစဉ်တစိုက်လုပ်ဆောင်နေသည့် စုစုနွေးပါ ၂၉ ဦးအဖွဲ့ စုဝေးရောက်ရှိလာစဉ် ဆူပူမှုကို မလိုလားသော အေးချမ်းစွာနေထိုင်လိုသည့်ပြည်သူများက ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့အပ်နှံခဲ့ကြောင်း၊ အလားတူပင် လှိုင်သာယာမြို့နယ်အတွင်း ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်ဆောင်ရွက်ခဲ့သည့် သန့်ဇင်မျိုးနှင့်အဖွဲ့ကိုလည်း ဆူပူမှုကိုမလိုလားသော ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း သတင်းများရရှိသည်။**

ဖြစ်ပွားပုံမှာဘာသာရေးကို ခုတုံးလုပ်လျက်ဆူပူမှုဖြစ်ပွားအောင် ဆောင်ရွက်နေသည့် စုစုနွေးဦးစီး ဒေါပုံမြို့နယ် NLD အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းဌေး (တွံ့ဖက်အတွင်းရေးမှူး)၊ တင်အုန်း၊ ကျင်လှိုင်၊ ဟန်သိန်း၊ စိုးဝင်း၊ ဒေါ်မိမိလှိုင်၊ ဒေါ်ယဉ်ယဉ်ကြည်၊ ဒေါ်စန်းရီ၊ ကျော်ဇင်ဝင်း(လူငယ်တာဝန်ခံ-၁)၊ ကျော်ကျော်လင်း (လူငယ်တာဝန်ခံ-၂)၊ နေလင်းကျော်(ခ) ကွန်ညာ၊ နေဇာမျိုးဝင်း၊ ဘိုဘိုဝင်းလှိုင်၊ အခြား NLD အဖွဲ့ဝင်များဖြစ်ကြသော တင်နိုင်သိန်း(ချောက်)၊ အုံးလွင်(ရေနံချောင်း)၊ မြင့်ဌေး(ရေနံချောင်း)၊ မျိုးခင်(ရန်ကင်း)၊ ဒေါ်တင်ရီ(ရန်ကင်း)၊ သော်တာ(သာကေတ) အပါအဝင် အဖွဲ့ဝင် ၂၃ဦးတို့သည် ၂၀၀၇ ခုနှစ် မေ ၁၅ရက် နံနက် ၈နာရီခွဲမှ ၈နာရီ၄၅မိနစ်အထိ ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက် မြို့မလမ်း အသောကရာမကျောင်းတိုက်ဝင်းအတွင်းရှိ ပြည်လုံးချမ်းသာ မြစေတီအင်္ဂါထောင့်၌ ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်ခဲ့ကြကြောင်း၊ စုစုနွေးပါအဖွဲ့ဝင်၁၀ဦးသည် ဒေါ်စုကြည်ရုပ်ပုံပါ တီရှပ်အင်္ကျီများကို ဝတ်ထားကြောင်း၊ **၎င်းအဖွဲ့သည် ကျောင်းဝင်းအတွင်း ကစားနေကြသော ကလေးငယ် ၁၁ဦးကိုလည်း လိမ်ညာလှည့်စားခေါ်ယူ၍ ၎င်းတို့နှင့်အတူ ဝတ်ပြုဆုတောင်းပွဲတွင်ပါဝင်စေခဲ့ကြောင်း၊ ဝတ်ပြုဆုတောင်းပွဲတွင် ဦးသန်းဌေးက ဒေါ်စုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအပါအဝင် သွေးထိုးလှုံ့ဆော်မှုစကားများ ဟောပြောခဲ့ကြောင်း၊ ထို့နောက် ၎င်းတို့လိမ်ညာလှည့်စားခေါ်ယူကာဝတ်ပြုဆုတောင်းပွဲတွင် ပါဝင်စေခဲ့သော ကလေးငယ်၁၁ဦးကိုလည်း တစ်ဦးလျှင်ငွေကျပ် ၂၀၀စီပေး၍ နှစ်သိမ့်ကာပြန်လွှတ်ခဲ့ကြောင်း သိရှိရသည်။**

ထို့နောက် စုစုနွေးနှင့်အဖွဲ့ဝင်အချို့သည် ဒေါပုံမြို့နယ်မှအင်းစိန်မြို့နယ်သို့ထွက်ခွာလာခဲ့ကြောင်း၊ အင်းစိန်မြို့နယ်ရောက်သည့်အခါ အင်းစိန်မြို့နယ်မှ NLD အဖွဲ့ဝင်အချို့ ထပ်မံပါဝင်လာခဲ့ပြီး ၎င်းအဖွဲ့စုစုပေါင်း ၂၉ဦးတို့သည် နံ့သာကုန်းရပ်ကွက် ဘူတာရုံလမ်းရှိကားဂိတ်သို့ နံနက် ၁၀နာရီခွဲတွင် ရောက်ရှိလာခဲ့ကြောင်း၊ ထိုအခါ အနီးပတ်ဝန်းကျင်ရှိဆူပူမှုကိုမလိုလားသောပြည်သူများက စုစုနွေးတို့အဖွဲ့အားတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်မဖန်တီးရန်၊ မိမိတို့နေအိမ်အသီးသီးသို့ အေးချမ်းစွာပြန်ကြရန် ဖျောင်းဖျပြောဆိုခဲ့ကြောင်း၊ သို့သော် စုစုနွေးနှင့်အဖွဲ့က လက်မခံဘဲဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းကြသည့်အတွက် ဆူပူမှုကိုမလိုလားသော ပြည်သူများက ၎င်းတို့အားတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့အပ်နှံခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ခိုက်ရန်ဖြစ်ပွားခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း တစ်စုံတစ်ရာမရှိခဲ့ကြောင်းသတင်းရရှိသည်။

**အဆိုပါ ၂၉ဦးတွင် အင်းစိန်မြို့နယ်မှ NLDအဖွဲ့ဝင်များဖြစ်ကြသည့် စောကျော်ကျော်မင်း (လူငယ်တာဝန်ခံ)၊ ညီညီအောင်၊ ဒေါ်ငြိမ်းတင်နှင့် ဦးရဲအောင်တို့ဦးဆောင်ပါဝင်ခဲ့ကြောင်း၊ ထို့အပြင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောင်ဇေယျလမ်းနေ (အဘ)ဦးမောင်ရွှေ၊ (အမိ)ဒေါ် မြင့်အေး၏သား မောင်ရှိုင်းထက်အောင် (၁၃)နှစ်လည်းပါဝင်ခဲ့ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်ခဲ့ရာ ဦးရဲအောင်က မောင်ရှိုင်းထက်အောင်အား ဘုရားဖူးသွားမည်၊ ကော်ဖီတိုက်မည် လိုက်ခဲ့ဟုလှည့်စားခေါ်ယူ၍ပါရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ သို့အတွက်သက်ဆိုင်ရာ တာဝန်ရှိသူများက မောင်ရှိုင်းထက်အောင်အား ၎င်း၏မိဘများထံပြန်လည်အပ်နှံပေးခဲ့ကြောင်း သတင်းရရှိသည်။**

ထို့အတူ မေ ၁၅ရက် နံနက် ၇နာရီခန့်တွင် လှိုင်သာယာမြို့နယ် NLD အဖွဲ့ဝင်များဖြစ်ကြသည့် သန့်ဇင်မျိုး(အတွင်းရေးမှူး)နှင့်ဇနီး လှလှမော်၊ ဆန်းဝင်း၊ ဝင်းမြင့်၊ စန်းနိုင်၊ အောင်မင်းနိုင်၊ ကျော်စိုးဝင်း၊ စိုးမင်း၊ တင်ယု၊ ရန်နိုင်ထွန်း၊ မျိုးကျော်ဇင်တို့ ၁၁ ဦးသည် ဒေါ်စုကြည်ပုံပါ တီရှပ်များဝတ်ဆင်ပြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ဗိုလ်အောင်ကျော်လမ်းအတိုင်း စီတန်းလမ်းလျှောက်၍ သွေးထိုးလှုံ့ဆော်မှု ပြုလုပ်ခဲ့ကြကြောင်း၊ ဆူပူမှုကိုမလိုလားဘဲအေးချမ်းစွာနေထိုင်လိုကြသော ပြည်သူများက၎င်းတို့အား တည်ငြိမ် အေးချမ်းမှုကိုပျက်ပြားအောင်မလုပ်ရန်၊ အေးချမ်းစွာလူစုခွဲရန် ပြောကြားခဲ့သော်လည်း ၎င်းတို့က လက်မခံဘဲ ဆက်လက် လမ်းလျှောက်ကာ သွေးထိုးလှုံ့ဆော်ခဲ့ကြကြောင်း၊ ထို့ကြောင့်ဆူပူမှုကို မလိုလားသော ပြည်သူများက ၎င်းတို့ ၁၁ ဦးအားထိန်းသိမ်းပြီးသက်ဆိုင်ရာတာဝန်ရှိသူများထံအပ်နှံခဲ့ကြောင်း၊ တာဝန်ရှိသူများက စစ်ဆေးမေးမြန်းရာတွင် သန့်ဇင်မျိုး၊ စန်းနိုင်၊ ကျော်စိုးဝင်းနှင့် ဝင်းမြင့်တို့က လှုပ်ရှားမှုတွင် ပါဝင်သည့် အခြားသူများကို ဒေါ်စုကြည်ပုံပါ တီရှပ်များအခမဲ့ပေး၍ စည်းရုံးသိမ်းသွင်းခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

**ထို့အတူဆူပူလှုပ်ရှားမှုဖြစ်အောင်သွေးထိုးလှုံ့ဆော်နေကြသည့် ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့ ဆိုသူများကလည်း တနင်္ဂနွေနေ့တိုင်း ၎င်းတို့ဘာသာအမည်တပ်ထားသည့် အဖြူရောင် တနင်္ဂနွေလှုပ်ရှားမှု (White Sunday Campaign) ဆိုသည်ကိုလည်းလုပ်ဆောင်နေကြသည်။ ၎င်းအဖွဲ့သည် ဥပဒေကိုကျူးလွန်၍ အကျဉ်းကျခံနေရသူများ၏ မိသားစုများထံသွားရောက်ပြီး အားပေးစကားပြောကြားခြင်း၊ ထောက်ပံ့ပေးကမ်းခြင်းများကို အပေါ်ယံဟန်ပြလုပ်ဆောင်ကာ သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။ ထိုကဲ့သို့ ဝတ်ပြုဆုတောင်းခြင်း၊ ထောက်ပံ့ပေးကမ်းခြင်းများလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောငွေကြေးများကို ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်ပြေးအဖွဲ့အစည်းများမှ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရသည်။**

ထိုသို့ တည်ငြိမ်မှု၊ အေးချမ်းမှုပျက်ပြားအောင်၊ ဆူပူလှုပ်ရှားမှုဖြစ်ပေါ်အောင် လုပ်ဆောင်မှုများအပေါ် အေးချမ်းစွာနေထိုင်လိုကြသော ပြည်သူများက ယခုကဲ့သို့ ဝတ်ပြုဆုတောင်းပွဲများ ပြုလုပ်ခြင်း၊ စီတန်းလမ်းလျှောက် လှုံ့ဆော်ခြင်းနှင့် အကျဉ်းကျသူများ၏မိသားစုများထံ သွားရောက်အားပေးစကားပြောကြားခြင်းဆိုသည့် ဆောင်ရွက်မှုများသည် သဘာဝမကျကြောင်း၊ ထို့အပြင် ယခုကဲ့သို့ မသိနားမလည်သည့် ကလေးငယ်များကို လိမ်ညာလှည့်စား၍ ၎င်းတို့၏လှုပ်ရှားမှုတွင်အသုံးချခြင်းမှာ ပိုမိုစက်ဆုပ်ရွံရှာဖွယ်ကောင်းသောလုပ်ရပ်ဖြစ်ကြောင်း၊ ဒေါ်စုကြည်အပါအဝင် နေအိမ်တွင် တားဆီးထားခြင်းခံရသူများမှာ နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားအောင်၊ ဆူပူအုံကြွမှုများဖြစ်ပွားအောင် ဖန်တီးလုပ်ဆောင်ခဲ့ကြသည့်အတွက် နိုင်ငံတော်အား အန္တရာယ်မပြုနိုင်အောင် တားဆီးထိန်းသိမ်းထားရခြင်းသာဖြစ်ကြောင်း၊ အလားတူ **အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသူများမှာလည်း တည်ဆဲဥပဒေတစ်ခုခုကို ကျူးလွန်၍ပြစ်ဒဏ်ကျခံနေရခြင်းသာဖြစ်ကြောင်း၊ ဥပဒေကျူးလွန်ပါက နိုင်ငံရေးသမားအပါအဝင်မည်သူမဆို ပြစ်ဒဏ်ကျခံရမှာသာဖြစ်ကြောင်း၊ ဤသဘောမှာမြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာမက ကမ္ဘာ့နိုင်ငံတိုင်းမှာလည်း ထိုအတိုင်းပင်ဖြစ်ကြောင်း၊ ဤကဲ့သို့ တားဆီးထိန်းသိမ်းခြင်း၊ ပြစ်ဒဏ်ကျခံနေရခြင်းများမှာ သာမန်ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ကြောင်း၊ ယင်းသာမန်ဖြစ်ရိုးဖြစ်စဉ်ကို နိုင်ငံရေးအရခုတုံးလုပ်အသုံးချပြီး ဆူပူအုံကြွမှုဖြစ်လာအောင် လွတ်မြောက်ရေးအတွက်ဝတ်ပြုဆုတောင်းခြင်း၊ အားပေးကူညီခြင်းဆိုသည်များကို ဖန်တီးပြုလုပ်ကာ သွေးထိုးလှုံ့ဆော်နေကြခြင်းသာဖြစ်ကြောင်း၊** သာမန်သဘောရိုးဆိုပါက ဘုရားအနှံ့သွား၍ ဝတ်ပြုဆုတောင်းခြင်း၊ စီတန်းလှည့်လည်ဆုတောင်းခြင်းပြုလုပ်နေစရာမလိုဘဲ မိမိနေအိမ်၌ပင် ဝတ်ပြုဆုတောင်း၍ ရနိုင်ကြောင်း၊ ယခုလိုလိမ်လည်လှည့်ဖြားသွေးထိုးလှုံ့ဆော်မှုများကို မလိုလားကြောင်း၊ မိမိတို့မှာတည်ငြိမ်အေးချမ်းမှုကိုသာလိုလားကြောင်း၊ **နိုင်ငံတော်၏လက်ရှိအခြေအနေမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများအဘက်ဘက်မှ ရရှိဖြစ်ထွန်းနေကြပြီဖြစ်ကြောင်း၊ သို့သော်အခုရေတွင်းတူးအခုရေကြည်သောက်ချင်၍မရနိုင်ကြောင်း၊ တည်ဆောက်မှု၏ အကျိုးအမြတ်ကိုရရှိအောင် သင့်တင့်သောအချိန်ကာလ စောင့်ဆိုင်းကြရမှာဖြစ်ကြောင်း၊ သေချာသည်မှာ မဝေးသောကာလတွင်ပြည်သူများအနေဖြင့် အဘက်ဘက်မှ အကျိုးကျေးဇူးများ ရရှိခံစားရပြီး အခက်အခဲများ ကျော်လွှားနိုင်မှာဖြစ်ကြောင်း၊** ထိုအခြေအနေကောင်းများမှာ ယခုတွေ့ကြုံရသည့် အဖျက်အမှောင့်သမားများ၏လုပ်ရပ်များကြောင့် ပျက်ပြားသွားနိုင်ကြောင်း၊ ထိုသို့တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုပျက်ပြားအောင်၊ ဆူပူအုံကြွမှုဖြစ်ပေါ်အောင် ဖန်တီးလှုံ့ဆော်နေသူများကို ထိရောက်စွာ အရေးယူသင့်ကြောင်းဖြင့် ပြောဆိုဝေဖန်နေကြကြောင်း သိရသည်။

ယခုအခါထိုသို့တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဆူပူမှုဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့သူများအား သက်ဆိုင်ရာက စစ်ဆေးမေးမြန်းလျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဆူပူမှုဖြစ်ပေါ်လာအောင် သွေးထိုးလုပ်ဆောင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆုတ်ယုတ်ပျက်ပြားအောင်၊ နှောင့်နှေးအောင် လုပ်ဆောင်သူများကိုတားဆီးတိုက်ဖျက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# NLD ပါတီသည် ဒီမိုကရေစီထွန်းကားရန်ဆောင်ရွက်သည်ဟု ကြွေးကြော်နေပြီး အုပ်စုဖြင့်အနိုင်ကျင့်သောလုပ်ရပ်များကိုသာ လုပ်ဆောင်မှားနေသည်များကို သိရှိသော်လည်း ပြင်ဆင်ခြင်းမပြုဘဲ ဆက်လက်ရပ်တည်နေ NLD ပါတီကို ယုံကြည်မှုမရှိတော့သဖြင့် ဘိုကလေးမြို့နယ်မှ ပါတီဝင် ၃၀ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၆

**ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးအောင်ဌေးသည် မေ ၃ရက်တွင်လည်းကောင်း၊ ပါတီဝင်များဖြစ်ကြသော ကြိမ်ချောင်းကြီးကျေးရွာမှ ဦးဌေးအောင်အပါအဝင် ၁၈ဦး၊ ကိုးအိမ်တန်းကျေးရွာမှ ဦးစိန်ကုလားအပါအဝင် လေးဦး၊ ကျောင်းစုကျေးရွာမှ ဦးမြင့်လွင်အပါအဝင်နှစ်ဦး၊ ကျီးချောင်းကျေးရွာမှ ဦးမြငြိမ်းအပါအဝင်နှစ်ဦး၊ အောင်လှိုင်ကျေးရွာမှ ဦးမြဝင်းနှင့် ကြိမ်ချောင်းကြီးကျေးရွာမှ ဒေါ်အိအိတင်နှင့် ဒေါ်နုနုရီတို့သည်**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

# ပူတာအိုမြို့၌ မိုးရေချိန်စံချိန်သစ်တင်

**နေပြည်တော် မေ ၁၆**

၂၀၀၇ ခုနှစ် မေ ၁၆ရက် မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲ အချိန်တွင် ပူတာအိုမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၁၉ မီလီမီတာ(၄ဒသမ ၆၉လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၄၁နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန်စံချိန်သစ် ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၁၀၉မီလီမီတာ (၄ဒသမ၂၉ လက်မ)ဖြစ်ပြီး ၂၀၀၁ ခုနှစ် မေ ၈ရက်တွင် ရှာသွန်းခဲ့ခြင်း ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန် ကြေညာထားသည်။

(သတင်းစဉ်)